Panasonic®

မော်ဒယ်နံပါတ်: **TH-32HS550K**
**TH-40HS550K**
**TH-43HS550K**

# အသုံးပြုပုံလမ်းညွှန်ချက်များ

## အယ်လ်အီးဒီတီဗွီ




ပစ္စည်းများကို လွယ်ကူအကျိုးရှိစွာ အသုံးပြုပြီးနောက် ပြန်လည်သုံးစွဲနိုင်ရန် ရည်ရွယ်ချက်အတွက် အနီးအနားရှိ ခွင့်ပြုချက်ရ ပစ္စည်းစုဆောင်းရေးစင်တာ၊ မှတ်ပုံတင်ဖျက်သိမ်းရေး (သို့) ပြန်လည်အသုံးပြုသူ၊ ပန်နာဆိုးနစ်ဆားဗစ်စင်တာ သို့ ထုတ်ကုန်စွန့်ပစ်ရာတွင် ကျေးဇူးပြုပြီး ပြန်လည်ပို့ဆောင်ပါ။

ဤပန်နာဆိုးနစ်ထုတ်ကုန်ကို ဝယ်ယူအားပေးသည့်အတွက်ကျေးဇူးတင်ရှိပါသည်။

ဤလက်စွဲစာအုပ်တွင် ပြထားသောပုံသည် ရည်ရွယ်ချက်များကိုသာ သာဓက ဖော်ပြရန် အတွက်သာ ဖြစ်ပါသည်။

မြန်မာ

androidtv

အန်းဒရွိုက်တီဗွီ၊ ဂူးဂဲလ်ပလေး၊ ခရုမ်းကာတ်စ်နှင့် ယူကျု့ စသည့်တို့သည် ဂူးဂဲလ်အလ်အလ်စီ၏ ကုန်အမှတ်တံဆိပ်များဖြစ်သည်။

HDMI™ HIGH-DEFINITION MULTIMEDIA INTERFACE

အိတ်ချ်ဒီအမ်အိုင်နှင့် အိတ်ချ်ဒီအမ်အိုင်–အရည်အသွေးမြင့်ရုပ်မြင်သံကြားစနစ်နှင့်အိတ်ချ်ဒီအမ်အိုင်လိုဂိုများသည် ယူနိုက်တက်စတိတ်နှင့် အခြားနိုင်ငံများတွင် အလ်အလ်စီလိုင်စင်ရ အိတ်ချ်ဒီအမ်အိုင်၏ ကုန်အမှတ်တံဆိပ်များ (သို့) မှတ်ပုံတင်ထားသော ကုန်အမှတ်တံဆိပ်များ ဖြစ်သည်။

DOLBY AUDIO

ဒေါ်လ်ဘီဓာတ်ခွဲခန်းများ၏ လိုင်စင်အောက်တွင် ထုတ်ကုန်လုပ်ပါသည်။ ဒေါ်လ်ဘီ၊ ဒေါ်ဘီအော်ဒီယိုနှင့် ဒဘယ်လ်ဒီ အမှတ်တံဆိပ်စသည့်တို့သည် ဒေါ်လ်ဘီဓာတ်ခွဲခန်းများ၏ကုန်အမှတ်တံဆိပ်များ ဖြစ်သည်။

# မာတိကာ

## အခန်း(၁): မိတ်ဆက်ခြင်း


အရေးကြီးသတိပေးချက် ........ ၃
အသုံးပြုသည့်ပတ်ဝန်းကျင် ........ ၄
သန့်ရှင်းခြင်း ........ ၄
နံရံပေါ်တွင် တီဗွီချိတ်ဆွဲခြင်း ........ ၄
သတိပေးချက် ........ ၄
သင်္ကေတ ........ ၆
ရီမုနှင့် ထိန်းချုပ်ခြင်းအသုံးပြုရန် ကြိုတင်ကာကွယ်မှုများ ........ ၆
ရီမုဘက်ထရီဖြုတ်ခြင်း / တပ်ခြင်း ........ ၆
စံပြုဆက်စပ်ပစ္စည်းများ ........ ၇
ရွေးချယ်၍ရသော အထောက်အကူပြုဆက်စပ်ပစ္စည်းများ ........ ၇
အောက်ခံတပ်ဆင်ခြင်း ........ ၈


## အခန်း(၂) : အခြေခံအင်္ဂါရပ်များ


တီဗွီရှိပလပ်အပေါက်များ ........ ၉
တီဗွီ၏ထိန်းချုပ်မှုများ ........ ၁၀
အဝေးထိန်းချုပ်မှု (အဝေးထိန်း) ........ ၁၁
တီဗွီကိုရီမုနှင့်ထိန်းချုပ်ပုံ ........ ၁၂
ကနဦး ဖွဲ့စည်းပုံ ........ ၁၃
ဖြည့်သွင်းအချက်အလက်အရင်းအမြစ်ရွေးချယ်ခြင်း ........ ၁၆
အီလက်ထရောနစ် ပရိုဂရမ်လမ်းညွှန် ........ ၁၇
အချိန်လွှဲပြောင်းအသုံးပြုမှုလုပ်ဆောင်ချက် ........ ၁၇
အချိန်လွှဲပြောင်းအသုံးပြုမှုကို ချိန်ညှိခြင်း ........ ၁၇
လျင်မြန်သောမီနူးချိန်ညှိခြင်း ........ ၁၇
အဓိက မီနူးချိန်ညှိခြင်း ........ ၁၈


## အခန်း(၃): အင်တာနက်နှင့် ချိတ်ဆက်၍ အသုံးပြုနိုင်သော လုပ်ဆောင်ချက်များ


ပင်မစာမျက်နှာ ........ ၂၁
Google Assistant ........ ၂၁
ဂူးဂဲလ်ပလေး ........ ၂၂
ခရုမ်းကတ်စ် ပါဝင်မှု ........ ၂၂
အန်းအရှိုက်အသုံးပြုခြင်းနှင့် မသက်ဆိုင်သောအကြောင်းအရာရှင်းလင်းချက် ........ ၂၄
မီဒီယာ (ရုပ်သံများကို) ပြန်၍ဖွင့်နိုင်သောဆော့ဖ်ဝဲ ........ ၂၄


## အခန်း(၄) : နည်းပညာဆိုင်ရာ သတင်းအချက်အလက်


မီဒီယာပလေယာတွင်ထောက်ပံ့မှုပေးသော ဖိုင်ပုံစံများ ........ ၂၆
ပြုပြင်ထိန်းသိမ်းမှု ........ ၂၈
ပြဿနာရှာဖွေဖြေရှင်းပေးခြင်း ........ ၂၈
အသေးစိတ်အချက်အလက်များ ........ ၂၉

# အခန်း(၁):မိတ်ဆက်ခြင်း

## ⚠ အရေးကြီးသတိပေးချက်

**အဓိက ပလပ်နှင့်ကြိုးကိုကိုင်တွယ်ခြင်း**

အဓိက ပလပ်ကို အိမ်တွင်းပလပ်ပေါက်တွင် သေချာစွာထည့်ပါ။ ( အကယ်၍ အဓိက ပလပ်ချောင်နေပါက အပူများ ထွက်လာနိုင်ပြီး မီးလောင်နိုင်ပါသည်။ )
အဓိက ပလပ်ကို အလွယ်တကူလက်လှမ်းမီကြောင်းသေချာပါစေ။
စိုနေသော လက်ဖြင့် အဓိကပလပ်ကို မထိပါနှင့်။ ( လျှပ်စစ်ရှော့ခ် ဖြစ်ပေါ်စေနိုင်သည်။ )
တီဗွီနှင့်အတူပါသော ကြိုးမှ လွဲ၍ အခြားမည်သည့် ဝါယာကြိုးကိုမှ မသုံးပါနှင့်။ ( မီးလောင်ခြင်း (သို့) လျှပ်စစ်ရှော့ခ် ဖြစ်နိုင်သည်။ )

- ပလပ်ပေါက်ထဲတွင် ကြိုးတပ်ထားလျက် တီဗွီကို မရွှေ့ပါနှင့်။
- လေးလံသောပစ္စည်းများကြိုးပေါ်တင်ခြင်း၊ အလွန်အကျွံကွေးခြင်း (သို့) ဆွဲဆန့်ခြင်း မပြုလုပ်ပါနှင့်။
- ကြိုးကို မဆွဲပါနှင့်။ ကြိုးကိုဖြုတ်သောအခါ ပလပ်၏ အဓိက အစိတ်အပိုင်းကို ကိုင်ပါ။
- အဓိကပလပ်ခေါင်း (သို့) အိမ်တွင်းပလပ်ပေါက်ပျက်စီးနေစဉ် အသုံးမပြုပါနှင့်။
- တီဗွီကိုသင့်တော်သော အခြေအနေများတွင်သာ အသုံးပြုပါ။

အကယ်၍သင်သည် မူမမှန်မှု တစ်စုံတစ်ရာ တွေ့ပါက အဓိကပလပ်ကို ချက်ချင်းပင် ဖြုတ်လိုက်ပါ။



**၁၁၀ – ၂၄၀ဗို့ ~ ၅၀ / ၆၀ဟတ်စ်**



- အဓိက ပလပ်များသည် နိုင်ငံများအကြားတွင် ကွဲပြားမှုရှိသည်။

**ပါဝါအရင်းအမြစ်**

- ဤတီဗွီသည် ၁၁၀ – ၂၄၀ ဗို့ ၅၀/ ၆၀ ဟတ်စ် တွင် လုပ်ဆောင်ရန် ဒီဇိုင်းဆွဲထားသည်။
- စားပွဲတင်၍ အသုံးပြုခြင်း/ နံရံတွင် ချိတ်ဆွဲအသုံးပြုခြင်း။

**ပြင်ပမှပစ္စည်းများ တီဗွီထဲသို့မထည့်ပါနှင့်။**

- လေထွက်ပေါက်များကို ဖြတ်၍ မည်သည့် အရာမှ တီဗွီထဲသို့ ကျခွင့်မရှိပါ။ ( ရလဒ်အနေဖြင့် မီးလောင်ခြင်း (သို့) လျှပ်စစ်ရှော့ခ် ဖြစ်တတ်သည်။ )

**ပြင်ပမှ ဗို့အားထိန်းညှိစက်ဖြင့် ဤတီဗွီအစုံကို အသုံးမပြုပါနှင့်။**

- အတွင်းရှိ အရည်အသွေးကောင်းသော ထိန်းညှိစက်မှ တီဗွီကို ထိခိုက်နိုင်သည်။
- အကယ်၍ ပြင်ပမှ ထိန်းညှိစက်ကို အသုံးပြုပါက အာမခံသည် အကျုံးဝင်မည် မဟုတ်ပါ။

**တီဗွီကို စောင်းနေသောနေရာ (သို့) မတည်ငြိမ်သော မျက်နှာပြင်တွင် မထားရပါ။ ပြီးနောက် တီဗွီ၏ အခြေအစွန်းမှ ဆွဲခြင်း မပြုကြောင်း သေချာပါစေ။**

- တီဗွီလဲကျခြင်း (သို့) အဖုများများ ကျိုးကျ တတ်သည်။

**သင်ကိုယ်တိုင် အပြင်ဖုံးကိုဖယ်ခြင်း နှင့် တီဗွီကိုပြုပြင်ခြင်း မလုပ်ပါနှင့်။**

- အတွင်းရှိ အစိတ်အပိုင်းများကို လွယ်ကူစွာ ဖြုတ်နိုင်သောကြောင့် နောက်ဘက်အဖုံးကို မဖြုတ်ပါနှင့်။ အတွင်းပိုင်းတွင် အသုံးပြုသူ လုပ်ဆောင်နိုင်သော အစိတ်အပိုင်းများ မပါဝင်ပါ။ ( ဗို့အားမြင့်သော အစိတ်အပိုင်းများမှ ပြင်းထန်သော လျှပ်စစ်ရှော့ခ် ဖြစ်နိုင်သည်။ )
- တီဗွီကို စစ်ဆေးခြင်း၊ ချိန်ညှိခြင်း၊ ပြင်ဆင်ခြင်းကို သင်၏ ဒေသရှိ ပန်နာဆိုးနစ်ကိုယ်စား လှယ်များထံတွင်ပြုလုပ်ပါ။
- အစိတ်အပိုင်းများ မတပ်ဆင်မီ (သို့) မစတင်မီ ကျေးဇူးပြု၍ လျှပ်စစ်နှင့် ဘေးကင်းလုံခြုံ ရေး ကြိုတင်ကာကွယ်မှုဆိုင်ရာအချက်အလက်များကိုအနောက်ဘက် အကွက်တွင်ဖတ်ပါ။
- အဓိက ပလပ်ကို အဆက်ဖြတ်စက် အဖြစ် အသုံးပြုပါ။ အဆက်ဖြတ်သည့်စက်သည် လုပ်ဆောင်ရလွယ်ကူသည်။

**သက်ဆိုင်ရာ စားပွဲတင်ဒေါက် / အထိုင် ပစ္စည်းကိရိယာ များကိုသာ အသုံးပြုပါ။**

- အတည်မပြုထားသော စားပွဲတင်ဒေါက် (သို့) အခြား ကိရိယာများကို အသုံးပြုပါက တီဗွီသည် တည်ငြိမ်မှု မရှိခြင်းကြောင့် အနာတရဖြစ်နိုင်ပါသည်။ ဒေသအတွင်း ရှိ ပန်နာဆိုးနစ်ကုန်သည် ကို လုပ်ဆောင်နည်းသေချာအောင်မေးပါ။
- နံရံ (သို့) မျက်နှာ ကျက်တွင် တီဗွီကို အထိုင်ချသောအခါ ထုတ်လုပ်သူမှ အကြံပြုထားသော နည်းလမ်းများအတိုင်းတပ်ဆင်ကြောင်းသေချာပါစေ။ ( ဤအရာသည် ဘေးကင်းလုံခြုံသော အစီအစဉ်ဖြစ်သည်။ )
- (သီးသန့် ထုတ်လုပ်သူမှ ထောက်ပံ့ထားသော (သို့) သတ်မှတ်ထားသော တွဲဖက်ပစ္စည်း/ ဆက်စပ်ပစ္စည်းများကို သာ အသုံးပြုပါ။

**မိုးရေ (သို့) အစိုဓာတ်လွန်ကဲခြင်းနှင့် မထိတွေ့ပါစေနှင့်။**

- မီးလောင်ခြင်း (သို့) လျှပ်စစ်ရှော့ခ် ဖြစ်နိုင်သော ထိခိုက်မှုကို ကာကွယ်ရန် ဤတီဗွီကို မိုးရေ (သို့) စိုစွတ်သောနေရာများနှင့် မထိတွေ့ပါစေနှင့်။ ဤတီဗွီကို ရေစင်ခြင်း၊ ရေတစ်စက်စက် ကျခြင်း မပြုရပါ။ ပြီးနောက် ပန်းအိုးများကဲ့သို့ ရေဖြည့်ထားသော အရာများ တီဗွီထိပ်(သို့) တီဗွီပေါ်မတင်ရပါ။

**အခြားအပူအရင်းအမြစ် နှင့် နေရောင်ခြည်တိုက်ရိုက်မထိတွေ့ပါနှင့်။**

- တီဗွီကို နေရောင်ခြည်တိုက်ရိုက်ထိတွေ့ခြင်းနှင့် အခြားအပူအရင်းအမြစ်များနှင့် ထိတွေ့ခြင်း ကို ရှောင်ရှားပါ။



**ဤထုတ်ကုန်ကို ကာကွယ်ရန် ပြန့်ပွားစေသောမီးများ၊ ထွန်းထားသော ဖယောင်းတိုင်များ (သို့) အခြားမီးထွန်းထားသော အရာများနှင့် ဝေးကွာသော နေရာတွင် တစ်ချိန်လုံးထားပါ။**

## အသုံးပြုသည့်ပတ်ဝန်းကျင်

**အရေးကြီးသတိပေးချက်** : မတည်ငြိမ်သော နေရာတွင် တီဗွီကို မထားပါနှင့်။ တီဗွီသည် ပြုတ်ကျနိုင်ပြီးပြင်းထန်သော ဒဏ်ရာ (သို့) သေသည် အထိဖြစ်နိုင်ပါသည်။ များစွာသော ဒဏ်ရာများ၊ အထူးသဖြင့်ကလေးများကို ရိုးရှင်းသော ကြိုတင်ကာကွယ်မှုများ ပြုလုပ်ခြင်းဖြင့်ရှောင်ရှားနိုင်ပါသည်။၎င်းတို့မှာ –

- တီဗွီထုတ်လုပ်သူတို့မှ အကြံပြုထားသော ဗီဒို (သို့) တင်သည့် စင်များကို အသုံးပြုပါ။
- တီဗွီကိုဘေးကင်းစွာ ထောက်ပံ့ပေးနိုင်သော ပရိဘောဂ များကို သာအသုံးပြုပါ။
- တီဗွီကိုထောက်ပံ့ပေးနိုင်သော ပရိဘောဂပစ္စည်း၏ အစွန်းအဖျားတွင် မတင်ထားရန် သေချာအောင် ပြုလုပ်ပါ။
- ပရိဘောဂများနှင့် တီဗွီ နှစ်ခုစလုံး အားသင့်လျော်သော အထောက်အပံ့တစ်ခု မပါရှိဘဲ မြင့်မားသော ပရိဘောဂများဘေးတွင် တီဗွီကို တပ်ဆင်ခြင်း မပြုရ။ ( ဥပမာ အားဖြင့် ဗီဒိုများ၊ စာအုပ်စင်များ )
- တီဗွီကို အဝတ်အထည် (သို့) တီဗွီနှင့် အထောက်အပံ့ပေးနိုင်သော ပရိဘောဂ ကြားတွင် ရှိသော အခြားပစ္စည်းများပေါ်တွင် မထားပါနှင့်။
- တီဗွီ(သို့)ယင်း၏ ထိန်းချုပ်မှုများသို့ ရောက်ရှိရန် ပရိဘောဂများ ပေါ်တင်ခြင်း၏ အန္တရာယ်များအကြောင်း ကလေးများကို ပညာပေးပါ။

အကယ်၍ သင်၏ရှိပြီးသား တီဗွီကို ထိန်းသိမ်းပြီး ပြန်လည်နေရာချထားမည် ဆိုပါက အထက်တွင်ဖော်ပြထားသည့်တူညီသော ထည့်သွင်းစဉ်းစားချက်များကို အသုံးပြုသင့်သည်။

( ၇ ကီလိုဂရမ်ထက် အလေးပိုသော တီဗွီများအတွက် သာ )

## သန့်ရှင်းခြင်း

- သန့်ရှင်းစေရန်ရည်ရွယ်ချက်ဖြင့် တီဗွီမျက်နှာပြင်ပေါ်၏ရေ (သို့) ဆပ်ပြာရည် တိုက်ရိုက်မဖြန်းရ။



- ကြွက်များ၊ ကြောင်များနှင့် အခြား တိရစ္ဆာန်များ တီဗွီ၏ အရှေ့ဘက်နှင့် အနောက်ဘက်တို့ဆီသွားခြင်းကို ဂရုပြုပါ။ တီဗွီကို ပျက်စီးစေနိုင်ပါသည်။



- ( လက်သည်း၊ ဓားများကဲ့သို့သော ) မာကျော (သို့) ချွန်ထက်သော အရာများဖြင့် တီဗွီမျက်နှာပြင်ပေါ်အသုံးမပြုပါနှင့်။မျက်နှာပြင် ပျက်စီးစေနိုင်ပါသည်။

## နံရံပေါ်တွင် တီဗွီချိတ်ဆွဲခြင်း

- နံရံသည်တီဗွီ၏ အလေးချိန်ကို ထောက်ပံ့နိုင်ကြောင်းနှင့် နံရံတွင် အထိုင်ကျကျ တပ်ဆင်နိုင်ရန် စစ်ဆေးပါ။
- နံရံတွင်အထိုင်ချရန် ထောက်ပံ့ပေးသော အထိုင်ချနည်း လမ်းညွှန်ချက်များကို လိုက်နာပါ။
- တီဗွီကို ဒေါင်လိုက်နံရံပေါ်တွင် တပ်ဆင်ရမည်။
- နံရံ၏ ပစ္စည်းအတွက် သင့်လျော်သောမူလီများကိုသာ အသုံးပြုရန် သေချာပါစေ။
- ကြိုးများကျော်သွားခြင်းအန္တရာယ် မရှိစေရန် တီဗွီကေဘယ်ကြိုးများ တပ်ဆင်နေရာချ ထားခြင်း ကို သေချာစွာ စစ်ဆေးပါ။

  ကျွန်ုပ်တို့၏ တီဗွီများနှင့် ပက်သက်သော အခြားလုံခြုံရေး ညွှန်ကြားချက်များသည်လည်း ဤနေရာနှင့် သက်ဆိုင်ပါသည်။

## သတိပေးချက်

၁. **ဤညွှန်ကြားချက်များကို ဖတ်ပါ။**....... ထုတ်ကုန်ကို စတင်အသုံးမပြုမီ အသုံးပြုနည်း လမ်းညွှန်ချက်များအားလုံးကို ဖတ်ပြီးနားလည်ရမည်။

၂. **ဤလမ်းညွှန်ကိုသိမ်းထားပါ။**.......ဤလုံခြုံမှုနှင့် အသုံးပြုနည်းလမ်းညွှန်ချက်များကို နောင်တွင် အသုံးပြုနိုင်ရန် လုံခြုံသော နေရာတွင် သိမ်းဆည်းထားရမည်။

၃. **အရေးကြီးသတိပေးချက်အားလုံးကို ဖတ်ပါ။**.......ထုတ်ကုန်နှင့် ညွှန်ကြားချက်များရှိ အရေးကြီးသတိပေးချက်များအားလုံးကို သေချာစွာ လေ့လာရမည်။

၄. **ညွှန်ကြားချက်များကို လိုက်နာပါ။**.......အသုံးပြုနည်းလမ်းညွှန်အားလုံးကို လိုက်နာရမည် ဖြစ်သည်။

၅. **တပ်ဆင်ရာပစ္စည်းများ**.......ထုတ်လုပ်သူမှ သတ်မှတ်ထားသော တပ်ဆင်ရာပစ္စည်းများ / ဆက်စပ်ပစ္စည်းများကို သာအသုံးပြုပါ။ ထုတ်လုပ်သူမှ အာမခံမပေးသော ဆက်စပ်ပစ္စည်း များကို မသုံးပါနှင့်။ မမှန်ကန်သော တပ်ဆင်စရာများကို အသုံးပြုခြင်းသည် မတော်တဆမှု များကို ဖြစ်စေနိုင်သည်။

၆. **ပါဝါအရင်းအမြစ်** .......အမှတ်တံဆိပ်ပေါ်တွင် ညွှန်ပြထားသည့် စာရင်းဝင်ပါဝါထောက်ပံ့ရေးပစ္စည်းများဖြင့် ဤထုတ်ကုန်ကို ထောက်ပံ့ရန် ရည်ရွယ်ပါသည်။ အကယ်၍ သင်သည် သင့်အိမ်၏ လျှပ်စစ်ဓာတ်အား ထောက်ပံ့မှု အမျိုးအစား မသေချာပါက သင်၏ ကုန်ပစ္စည်း ရောင်းဝယ်သူ (သို့) ဒေသခံစွမ်းအင်ကုမ္ပဏီနှင့် တိုင်ပင်ပါ။ မိုးကြိုးမုန်တိုင်းထန်စဉ် (သို့) အချိန်တစ်ခု ကြာမြင့်စွာ အသုံးမပြု၊ မတပ်ဆင်ထားပါက ဤထုတ်ကုန်ကို ထပ်ဆောင်း ကာကွယ်မှုအတွက် နံရံ၏ ပလပ်ပေါက်မှ ပလပ်ဖြုတ်ပြီး ကေဘယ်လ်စနစ်ကို ဖြုတ်ထားပါ။ အပိုအမ နှစ်မျိုးပါသော ပလပ်နှင့် မြေစိုက်ကြိုးပါသော ပလပ်များ၏ ဘေးကင်းလုံခြုံရေး ရည်ရွယ်ချက်များကို မထိခိုက်ပါစေနှင့်။ အပိုအမ နှစ်ခုပါသော ပလပ်တွင် တစ်ခုထပ်တစ်ခု ပိုကျယ်သော အသွားနှစ်ခု ပါဝင်သည်။ မြေစိုက်ကြိုးပါ ပလပ်တွင် အသွားနှစ်ခုပါပြီး တတိယ မြေစိုက်ခက်ရင်းသွားသည် ဘေးကင်းလုံခြုံမှုအတွက် ထောက်ပံ့ပေးပါသည်။ အကယ်၍ သင့်လျော်သော် ထောက်ပံ့ထားသည့် ပလပ်သည် သင့်အိမ်ပလပ်ပေါက်တွင် အံမကျပါက ခေတ်မမီတော့သော အိမ်တွင်းပလပ်ပေါက်ကို အစားထိုးရန်လျှပ်စစ်ကျွမ်းကျင်သူနှင့်တိုင်ပင်ပါ။

၇. **ပါဝါကြိုးကာကွယ်စောင့်ရှောက်ခြင်း** .......စက်ပစ္စည်းမှ ပလပ်ထွက်သည့် နေရာနှင့် အဆင်ပြေသည့် ထည့်သောနေရာ၊ အထူးသဖြင့် ပလပ်များပေါ်တွင် လမ်းလျှောက်ခြင်းနှင့် ညှပ်ခြင်းမှ ကာကွယ်ပါ။

၈. **ဝန်ပိုသုံးစွဲခြင်း** .......နံရံရှိ ပလပ်ပေါက်များ၊ တိုးချဲ့ကြိုးများနှင့် အခြားပစ္စည်းများအသုံးပြုနေသော ပလပ်ထည့်သည့်နေရာများတွင် ဝန်ပို၍ မသုံးပါနှင့်။ဤသို့ပြုလုပ်လျှင် မီး (သို့) လျှပ်စစ်ရှော့ခ်ဖြစ်ပေါ်နိုင်ပါသည်။

၉. **ဝန်ဆောင်မှု** .......ဝန်ဆောင်မှုအားလုံးကို အရည်အချင်း ပြည့်ဝသော ဝန်ထမ်းများထံ လွှဲပြောင်းပါ။ စက်ပစ္စည်းသည် မည်သည့် နည်းဖြင့်မဆို ပျက်စီးခြင်း၊ လျှပ်စစ်ဓာတ်အား ထောက်ပံ့သောကြိုး (သို့) ပလပ်ပျက်စီးခြင်း၊ အရည်ဖိတ်ခြင်း(သို့) ပစ္စည်းများ စက်ပစ္စည်း များအတွင်း ကျစေခြင်း၊ မိုးရေ (သို့) စိုစွတ်မှု ထိနိုင်သောနေရာတွင် ထားခြင်း၊ စက်ပစ္စည်း ပုံမှန် မလည်ပတ်ခြင်း (သို့) လွတ်ကျခြင်း စသည့် ပျက်စီးထိခိုက်မှုများ ဖြစ်ပေါ်ပါက ဝန်ဆောင်မှုလိုအပ်သည်။

၁၀. **ဝန်ဆောင်မှုလိုအပ်သော ပျက်စီးဆုံးရှုံးမှု** .......အောက်ပါအခြေအနေများမှ တစ်ခုခု ဖြစ်ပေါ်လျှင် အောစီ ပလပ်ပေါက်မှ ပါဝါကြိုးကို ဖြုတ်ပါ။ ပြင်ဆင်မှုများ ပြုလုပ်ရန် အရည်အချင်းရှိသော ဝန်ဆောင်မှုပေးသူ တစ်ဦးကို တောင်းဆိုပါ။

(က) ပါဝါကြိုး (သို့) ပလပ်ပျက်စီးသောအခါ။

(ခ) အရည်များ ထုတ်ကုန်ပေါ်သို့ ဖိတ်သော အခါ (သို့) အရာဝတ္ထုများ ထုတ်ကုန်ပေါ်သို့ ကျသောအခါ ။

(ဂ) ထုတ်ကုန်သည် မိုး (သို့) ရေဖြင့် ထိတွေ့သော အခါ ။

(ဃ) အသုံးပြုနည်းလမ်းညွှန်တွင် ဖော်ပြထားသကဲ့သို့ ထုတ်ကုန်သည် စနစ်တကျ လည်ပတ်မှု မရှိသော အခါအသုံးပြုနည်းလမ်းညွှန်တွင် ဖော်ပြထားသော ခလုတ်မှ လွဲ၍ အခြား ခလုတ်များကို မထိပါနှင့်။လမ်းညွှန်တွင် ဖော်ပြထားခြင်းမရှိသည့် မလျော်ကန်သောညှိနှိုင်းမှုများသည် ပျက်စီးမှုကို ဖြစ်စေနိုင်သည်။ထို့ကြောင့် မကြာခဏ ကျွမ်းကျင်သော ပညာရှင် များ၏ ညှိနှိုင်းမှု လိုအပ်သည်။

(င) အကယ်၍ ထုတ်ကုန်ပြုတ်ကျသောအခါ (သို့) တီဗွီစင်သည် တစ်စုံတစ်ရာကြောင့် ပျက်စီးသွားသော အခါ။

(စ) ထုတ်ကုန်တစ်ခုခု ပုံမှန် မဟုတ်သော အခြေအနေ ပြသနေသော အခါ (သို့) စွမ်းဆောင်ရည် ကွဲပြားမှုကို ပြသသော အခါ၊ ထုတ်ကုန်ရှိ သိသာသော ပုံမှန်မဟုတ်မှု တစ်စုံတစ်ရာသည် ထုတ်ကုန်ဝန်ဆောင်မှု လိုအပ်ကြောင်းပြသနေသည်။

၁၁. **အစားထိုး အစိတ်အပိုင်းများ** ........ထုတ်ကုန်တွင် အစားထိုးပစ္စည်းများ လိုအပ်သောကိစ္စတွင် ဝန်ဆောင်မှုပေးသူသည် ထုတ်လုပ်သူမှ သတ်မှတ်ထားသော အစားထိုး အစိတ်အပိုင်းများ (သို့) မူရင်း အစိတ်အပိုင်းကဲ့သို့ တူညီသော ပုံသဏ္ဍာန်နှင့် လုပ်ဆောင်မှုစွမ်းရည်တူသော အစားထိုး အစိတ်အပိုင်းများ အသုံးပြုကြောင်းသေချာပါစေ။ခွင့်ပြုချက်မရသော အစားထိုး အစိတ်အပိုင်းများ အသုံးပြုခြင်းဖြင့် မီးလောင်ခြင်း၊ လျှပ်စစ်ရှော့ခ် ဖြစ်ခြင်းနှင့် အခြားသော အန္တရာယ်များဖြစ်နိုင်သည်။

၁၂. **ဘေးကင်းလုံခြုံရေးစစ်ဆေးမှု** ........ဝန်ဆောင်မှု (သို့) ပြုပြင်ခြင်းလုပ်ငန်း ပြီးစီးပြီးနောက် ထုတ်ကုန် သင့်လျော်သော လည်ပတ်မှု အခြေအနေ သေချာစေရန်လုံခြုံရေး စစ်ဆေးမှုများ ပြုလုပ်ရန် ဝန်ဆောင်မှု ကျွမ်းကျင်သူကို တောင်းဆိုပါ။

၁၃. **စင်** ........ထုတ်လုပ်သူမှ သတ်မှတ်ထားသော (သို့) စက်ပစ္စည်းနှင့် အတူ ရောင်းသော လှည်း၊ စင်၊ သုံးချောင်းထောက် ဒေါက်(သို့) စားပွဲကိုသာ အသုံးပြုပါ။ထုတ်ကုန်ကို မတည်ငြိမ်သော အခြေတွင် ထားပါက ထုတ်ကုန်ပြုတ်ကျနိုင်ပြီး ပြင်းထန်သော ပုဂ္ဂိုလ်ရေး ဒဏ်ရာများ အပြင် ထုတ်ကုန်ပျက်စီးမှုကို ဖြစ်ပေါ်စေသည်။ထုတ်ကုန်ကို နံရံတွင် အထိုင်ချသော အခါ ထုတ်လုပ်သူ၏ လမ်းညွှန်ချက်များကို လိုက်နာကြောင်း သေချာပါစေ။ ထုတ်လုပ်သူမှ ထောက်ခံ အကြံပြုထားသော အထိုင်ချ ကိရိယာများကိုသာအသုံးပြုပါ။



S3125A

၁၄. **ဂရုတစိုက်ပြောင်းရွှေ့ခြင်း** ........လှည်းကို အသုံးပြုသော အခါ လှည်း / တပ်ဆင်ထားသော ပစ္စည်းများ ရွှေ့လျားရာတွင် အစွန်အဖျားမှ ကျော်လွန်၍ ထိခိုက်ဒဏ်ရာ ရခြင်းကို ရှောင်ရှားရန် အထူး သတိပြုပါ။ ရုတ်တရက် ရပ်တန့်လိုက်ခြင်း ၊လွန်ကဲသော အားကို သုံးမိခြင်း၊ မညီညာ ဖြစ်နေသော ကြမ်းပြင် မျက်နှာပြင်ပေါ်တွင် ထုတ်ကုန်ကို လက်တွန်းလှည်းနှင့်ဆွဲပါကလည်းပြုတ်ကျနိုင်ပါသည်။

အေစီ ပါဝါကြိုးကို ဖြုတ်ထားခြင်း မရှိဘဲနှင့် တီဗွီကို ဘယ်သောအခါမှ မရွှေ့ပါနှင့်။

၁၅. **လျှပ်စစ်မီး** ........ မိုးကြိုးမုန်တိုင်းတိုက်ခိုက်နေစဉ် (သို့) အချိန်ကြာမြင့်စွာ အသုံးမပြုဘဲထားပါက စက်ပစ္စည်းကို ဖြုတ်ထားပါ။ မုန်တိုင်း ပြင်းထန်စဉ် (သို့) အချိန်တစ်ခု ကြာမြင့်စွာ အသုံးမပြုခြင်း တပ်ဆင်ထားခြင်း မရှိပါက ထုတ်ကုန်ကို ထပ်ဆောင်းကာကွယ်မှုအတွက် အိမ်ရှိ ပလပ်ပေါက်မှ ပလပ်ဖြုတ်ထားပြီး အင်တာနာနှင့် ဆက်သွယ်မှုကို ဖြတ်တောက်ထားပါ။ ၎င်းသည် လျှပ်စီးလက်ခြင်းနှင့် လျှပ်စစ်ဓာတ်အားလိုင်းများ မြင့်တက်မှုကြောင့် ပစ္စည်းကိရိယာ ပျက်စီးခြင်းကို ကာကွယ်ပေးသည်။

၁၆. **တီဗွီ၏မျက်နှာပြင်ကိုကာကွယ်စောင့်ရှောက်ခြင်း** ........ ဤထုတ်ကုန်တွင် အသုံးပြုသော တီဗွီ၏ မျက်နှာပြင်သည် ဖန်ဖြင့်ပြုလုပ်ထားပါသည်။ ထို့ကြောင့်ထုတ်ကုန်ပေါ် အခြား အရာဝတ္ထုများ လဲကျသောအခါ (သို့) ထိမိသော အခါ ၎င်းသည် ကွဲနိုင်သည်။ အကယ်၍ တီဗွီ၏မျက်နှာပြင် ကွဲသွားပါက ဖန်အကွဲအပိုင်းအစများ ဖြင့် ဒဏ်ရာမရစေရန် သတိပြုပါ။

၁၇. **ရုပ်ပုံဖော်သော စက်ချို့ယွင်းခြင်း** ......... ပြသသော တီဗွီ၏မျက်နှာပြင်သည် အလွန်မြင့်မားသော နည်းပညာ ထုတ်ကုန်တစ်ခု ဖြစ်ပြီး သင့်အား အသေးစိတ်ဓာတ်ပုံများကို ပေးသည်။ ရံဖန်ရံခါ တတ်ကြွမှုမရှိသော ရုပ်ပုံဖော်သော အစက်အနည်းငယ်သည် အပြာရောင်၊ အစိမ်းရောင် (သို့) အနီရောင်၏ သတ်မှတ်ထားသော အမှတ်တစ်ခု အဖြစ်ဖန်သားပြင်ပေါ်တွင် ပေါ်လာနိုင်သည်။ ၎င်းသည် သင်၏ ထုတ်ကုန်စွမ်းဆောင်ရည်ကို မထိခိုက်ကြောင်းကျေးဇူးပြု၍ သတိပြုပါ။

၁၈. **နောက်ဘက်လေအပေါက်များကို ပိတ်ဆို့မထားပါနှင့်။**

- အီလက်ထရောနစ်အစိတ်အပိုင်းများ ပျက်စီးခြင်းကို ကာကွယ်ရန် လုံလောက်သော လေဝင်လေထွက်ရန်လိုအပ်သည်။
- လေဝင်လေထွက်ပေါက်များကို သတင်းစာများ၊ စားပွဲတင်အဝတ်များနှင့် ခန်းစီးများကဲ့သို့သော ပစ္စည်းများနှင့် ဖုံးအုပ်ထားခြင်းအားဖြင့် လေဝင်လေထွက်အဟန့်အတား မဖြစ်စေရ။
- တီဗွီစင် (သို့) စင်ပေါ် ကြားတွင် ထားသည့် အခါ တီဗွီပတ်ဝန်းကျင်တွင် အနည်းဆုံး ၁၀ စင်တီမီတာ အကွာ အဝေးတွင် ထားရှိရမည်။
- အောက်ခံကိရိယာကို အသုံးပြုသောအခါ တပ်ဆင်ထားသော တီဗွီ၏ အခြေနှင့် တီဗွီမျက်နှာပြင် အကြားအကွာအဝေး ခြားထားပါ။
- အောက်ပါကိရိယာကို အသုံးမပြုပါက တီဗွီအောက်ခြေရှိ အပေါက်များကို ပိတ်ဆို့မထားပါနှင့်။
- ဤပစ္စည်းကိရိယာများကို စာအုပ်စင် (သို့) အလားတူ ယူနစ်တစ်ခုကဲ့သို့ ကန့်သတ်ထားသော (သို့) အဆောက်အအုံအတွင်းနေရာ၌ မတပ်ဆင်ပါနှင့်။ ပြီးနောက် ပွင့်နေသောဘက်ရှိ လေဝင်လေထွက်ကောင်းသော အခြေအနေ တွင် ထားရှိရမည်။ အနည်းဆုံး အကွာအဝေး




စင်တီမီတာ

**မှတ်ချက် :** ဤပုံသည် ကိုးကားရန် အတွက်သာ ဖြစ်သည်။

၁၉. **ဓာတ်ခဲကို မစားပါနှင့်။ ဓာတုလောင်ကျွမ်းမှု အန္တရာယ်ရှိသည်။** ......... အသစ်နှင့် အသုံးပြုပြီးသား ဓာတ်ခဲများကို ကလေးများနှင့် အဝေးတွင် ထားပါ။ အကယ်၍ဓာတ်ခဲအကန့် လုံခြုံစွာ ပိတ်ထားခြင်း မရှိလျှင် ထုတ်ကုန်အသုံးပြုခြင်းကို ရပ်တန့်ပြီး ကလေးများနှင့် အဝေးတွင် ထားပါ။ အကယ်၍ ကလေးသည် ဓာတ်ခဲကို မြိုချခြင်း (သို့) ခန္ဓာကိုယ်၏ တစ်နေရာရာတွင်ဓာတ်ခဲရှိနေသည်ဟု ထင်ပါက ချက်ချင်းကုသမှုခံယူပါ။

၂၀. **နားထောင်ခြင်း** ........ မြင့်မားသောအသံပမာဏနှင့်အချိန်ကြာမြင့်စွာ တေးဂီတကို နားထောင်ခြင်းသည် နားထောင်သူ၏အကြားအာရုံကို ပျက်စီးစေနိုင်သည်။ အကြားအာရုံပျက်စီးခြင်းအန္တရာယ်ကို လျော့ချရန် နားထောင်သူသည် အသံပမာဏကို လုံခြုံစိတ်ချရသော၊ သက်တောင့်သက်သာဖြစ်စေသောအဆင့်သို့ လျှော့ချသင့်သည်။ ပြီးနောက် မြင့်မားစွာ နားထောင်သောအချိန်ကို လျှော့ချပါ။

## သင်္ကေတများ

- ⚡ ဤအမှတ်အသားပါဝင်သောဝုတ်များသည် လျှပ်စစ်ရှော့ခ်၏အန္တရာယ်ဖြစ်နိုင်ရန် လုံလောက်သောပြင်းအားရှိနိုင်သည်။ ဝုတ်များတွင်ပြင်ပမှဝါယာချိတ်ဆက်ရာတွင် ညွှန်ကြားထားသူ (သို့) အဆင်သင့်ပြုလုပ်ထားသောခဲ (သို့) ကြိုးဖြင့် တပ်ဆင်ရန် လိုအပ်သည်။
- အကယ်၍ ထုတ်ကုန်၏အဆင့်သတ်မှတ်ချက်တံဆိပ်တွင် ⧈ ဤအမှတ်အသားဖြင့် သင်္ကေတပါရှိပြီး ပါဝါကြိုးတွင် ပင်နှစ်ခု ပါဝင်ပါက ပစ္စည်းကိရိယာများသည် Class II (သို့) လျှပ်စစ်ကို နှစ်ဆကာကွယ်ပေးသောပစ္စည်းများဖြစ်သည်ဟု ဆိုလိုပါသည်။ ၎င်းသည် မြေကြီးရှိလျှပ်စစ်နှင့် လုံခြုံရေးချိတ်ဆက်ရန် မလိုသည့်ပုံစံဖြင့် ဒီဇိုင်းပြုလုပ်ထားသည်။
- အောက်ပါအချက်အလက်များကို သက်ဆိုင်သောနေရာတွင် ထည့်သွင်းရန် အကြံပြုသည်။

  ～ အေစီလျှပ်စီးကြောင်းကို ရည်ညွှန်းသည်။

  ⎓ ဒီစီလျှပ်စီးကြောင်းကို ရည်ညွှန်းသည်။

  ⧈ အမျိုးအစား II ပစ္စည်းကိရိယာများကို ရည်ညွှန်းသည်။

  ⏻ အရန်သင့်ပြုလုပ်ရန် လိုအပ်သည်။

  | ပါဝါဖွင့်ရန်ရည်ညွှန်းသည်။

  ⚡ အန္တရာယ်ရှိဗို့အားကို ရည်ညွှန်းသည်။




- သုံးနားညီတြိဂံအတွင်း လျှပ်စစ်မီးနှင့် မြှားခေါင်းပုံပါသော သင်္ကေတသည် လျှပ်စစ်ရှော့ခ်ဖြစ်ပေါ်နိုင်စေရန် လုံလောက်သောလျှပ်စစ်ပမာဏရှိသည့် ထုတ်ကုန်အတွင်းတွင် အကာအကွယ်မရှိသော "အန္တရာယ်ရှိသောဗို့အား" ရှိနေခြင်းကို အသုံးပြုသူအား အသိပေးရန် ရည်ရွယ်ပါသည်။
- လျှပ်စစ်ရှော့ခ်၏အန္တရာယ်ကို လျော့ချရန် (အနောက်) (သို့) အဖုံးကို မဖယ်ရှားပါနှင့်။ စက်အတွင်းတွင် အသုံးပြုသူကိုယ်တိုင်ပြုပြင်နိုင်သောအစိတ်အပိုင်းများမပါဝင်ပါ။
- သုံးနားညီတြိဂံအတွင်းရှိ အာမေဋိတ် ( ! ) အမှတ်သည် စက်ပစ္စည်းနှင့်အတူပါလာသော စာအုပ်အတွင်းရှိ အရေးကြီးသောအသုံးပြုပုံနှင့် ပြုပြင်ထိန်းသိမ်းမှုလမ်းညွှန်ချက်များကို အသုံးပြုသူများအား သတိပေးရန် ရည်ရွယ်ပါသည်။

## အဝေးထိန်းခလုတ်ဖြင့် ထိန်းချုပ်ခြင်းကို အသုံးပြုရန် ကြိုတင်ကာကွယ်မှု

- အဝေးထိန်းခလုတ်အာရုံခံကိရိယာဆီသို့ ဦးတည်ညွှန်ပြခြင်းဖြင့် အဝေးထိန်းခလုတ်ကို အသုံးပြုနိုင်သည်။ အဝေးထိန်းခလုတ် ထိန်းချုပ်မှုနှင့် ၎င်း၏အာရုံခံကိရိယာကြားရှိ ပစ္စည်းများသည် ပုံမှန်လည်ပတ်မှုကို နှောင့်ယှက်လိမ့်မည်။
- အဝေးထိန်းခလုတ်ကို ပြင်းပြင်းထန်ထန် တုန်ခါအောင် မလုပ်ပါနှင့်။ ထို့အတူ အဝေးထိန်းခလုတ်ပေါ်တွင် အရည်များဖျန်းခြင်း မပြုလုပ်ပါနှင့်။ ထို့အပြင် အဝေးထိန်းခလုတ်ကို စိုစွတ်မှုမြင့်သောနေရာတွင် မထားပါနှင့်။
- အပူကြောင့် အဝေးထိန်းခလုတ်၏ပုံပျက်သွားနိုင်သောကြောင့် နေရောင်နှင့်တိုက်ရိုက်ထိတွေ့နိုင်သောနေရာတွင် အဝေးထိန်းခလုတ်ကို မထားပါနှင့်။
- အဝေးထိန်းခလုတ်အာရုံခံကိရိယာသည် နေရောင်ခြည်တိုက်ရိုက် (သို့) အားပြင်းသောလျှပ်စီးအောက်ရောက်သောအခါ အဝေးထိန်းခလုတ်သည် အလုပ်လုပ်မည်မဟုတ်ပါ။ အကယ်၍ ရှိခဲ့လျှင် လျှပ်စစ်မီးရောင် (သို့) တီဗွီ၏အနေအထားကို ပြောင်းပါ (သို့) အဝေးထိန်းခလုတ်ကို ၎င်း၏အာရုံခံကိရိယာနှင့် နီးကပ်စွာထား၍ အသုံးပြုလုပ်ဆောင်ပါ။

## အဝေးထိန်းခလုတ်ဘက်ထရီ ( ဓာတ်ခဲ ) တပ်ခြင်း / ဖြုတ်ခြင်း

AAA အရွယ်အစားရှိဓာတ်ခဲနှစ်လုံးကို အဝေးထိန်းခလုတ်၏ဘက်ထရီ ( ဓာတ်ခဲ ) ထည့်သောနေရာတွင် တပ်ပါ။ အကန့်အတွင်းရှိ အစွန်းနှစ်ဖက်သည် အမှတ်အသားများကိုက်ညီရန် သေချာအောင်ပြုလုပ်ပါ။



**မှတ်ချက် :** ဤပုံသည် ကိုးကားရန်အတွက်သာဖြစ်သည်။




- မှားယွင်းစွာ တပ်ဆင်ခြင်းသည် ဓာတ်ခဲရှိဘက်ထရီယိုစိမ့်မှုနှင့် တိုက်စားမှုကို ဖြစ်ပေါ်စေပြီး အဝေးထိန်းခလုတ်ကို ပျက်စီးစေနိုင်ပါသည်။
- ဓာတ်ခဲအဟောင်းနှင့် ဓာတ်ခဲအသစ်ကို ရောပြီးမသုံးပါနှင့်။
- တူညီသော (သို့) တူညီမှုရှိနိုင်သောဓာတ်ခဲအမျိုးအစားကိုသာ အစားထိုးပါ။ မတူညီသောဓာတ်ခဲအမျိုးအစားကို အသုံးမပြုပါနှင့်။ ( အယ်လ်ကာလိုင်းနှင့် မန်းဂနီးစ် ကဲ့သို့သော ဓာတ်ခဲများ )
- ပြန်လည်အားသွင်း၍ရသော (Ni-Cd) ဓာတ်ခဲများ အသုံးမပြုပါနှင့်။
- ဓာတ်ခဲများကို မီးရှို့ခြင်း (သို့) ချိုးဖဲ့ခြင်း မပြုပါနှင့်။
- နေရောင်ခြည်မီး (သို့) အခြားသောအလွန်အကျွံအပူများနှင့် ဓာတ်ခဲကို မထိပါနှင့်။
- ဓာတ်ခဲများကို မှန်ကန်စွာ ဖယ်ရှားကြောင်းသေချာအောင် ပြုလုပ်ပါ။
- ဓာတ်ခဲများကို မှန်ကန်စွာ အစားထိုးကြောင်း သေချာပါစေ။ အကယ်၍ ဓာတ်ခဲပြောင်းပြန်ဖြစ်လျှင် ပေါက်ကွဲမှုနှင့် မီးအန္တရာယ်ရှိသည်။
- အဝေးထိန်းခလုတ်ကို ဖြုတ်ခြင်း (သို့) ပြုပြင်မွမ်းမံခြင်း မပြုပါနှင့်။

## စံပြုဆက်စပ်ပစ္စည်းများ

အဝေးထိန်းခလုတ်



အောက်ခံ(၂)




မူလီ(၄)



၃၂လက်မ ၂ခု
၄၀လက်မ၊၄၃လက်မ ၄ခု

ဓာတ်ခဲ
(AAA အရွယ်အစား)



အသုံးပြုနည်း
လမ်းညွှန်




အေစီပါဝါကြိုး



အေဗီပြောင်း
သောကြိုး



**မှတ်ချက် :**

(၁) ဤပုံများသည် ကိုးကားရန် အတွက်သာ ဖြစ်သည်။

(၂) ဆက်စပ်ပစ္စည်းများ အားလုံးကို အတူမထားပါနှင့်။ ၎င်းတို့ကို မရည်ရွယ်ဘဲ မလွှင့်ပစ်မိရန် ဂရုစိုက်ပါ။

(၃) ဤထုတ်ကုန်တွင် ( ပလတ်စတစ်အိတ်ကဲ့သို့သော ) အန္တရာယ်ဖြစ်စေနိုင်သော အစိတ်အပိုင်းများ ပါဝင်သည်။ ၎င်းတို့ကို ကလေးများသည် မတော်တဆ ရှူသွင်းခြင်း (သို့) မျိုချမိနိုင်ပါသည်။ ဤ အစိတ်အပိုင်းများကို ကလေးငယ်များနှင့် လက်လှမ်းမမှီ နိုင်သော နေရာတွင် ထားပါ။

## ရွေးချယ်၍ရသော အထောက်အကူပြုဆက်စပ်ပစ္စည်းများ

အကြံပြုထားသည့် ရွေးချယ်၍ရသော ဆက်စပ်ပစ္စည်းများကို ဝယ်ယူရန်အတွက် သင်၏ ပန်နာဆိုးနစ် အရောင်းကိုယ်စားလှယ်ထံ ဆက်သွယ်ပါ။ အပိုဆောင်း အသေးစိတ်အတွက် ကျေးဇူးပြု၍ ရွေးချယ်နိုင်သော ဆက်စပ်ပစ္စည်းများ၏ လမ်းညွှန်စာအုပ်ကို ဖတ်ပါ။

**နံရံကပ်ဒေါက်**

အကြံပြုထားသော နံရံကပ်ဒေါက်ကို ဝယ်ယူရန် သင်၏ ပြည်တွင်းပန်နာဆိုးနစ် အရောင်းကိုယ်စားလှယ်ထံ ဆက်သွယ်ပါ။

**မှတ်ချက် :** ရုပ်ပုံများသည် ကိုးကားရန် အတွက် သာ ဖြစ်သည်။

- **မူလီနှင့် ပတ်သက်သော အသေးစိတ်အချက်အလက်များ**







| မူလီနှင့် ပတ်သက်သော အသေးစိတ် အတိုင်းအတာ | | ၃၂" | | ၄၀" | | ၄၃" | |
|---|---|---|---|---|---|---|---|
| | | အပေါ် | အောက် | အပေါ် | အောက် | အပေါ် | အောက် |
| င "အချင်း" (မီလီမီတာ) | | M4 | M4 | M6 | M6 | M6 | M6 |
| ဃ "အနက်" (မီလီမီတာ) | အများဆုံး | ၉ | ၉ | ၂၈ | ၁၅ | ၁၅ | ၁၅ |
| | အနည်းဆုံး | ၆ | ၆ | ၁၅ | ၁၀ | ၁၂ | ၁၂ |
| ပမာဏ | | ၂ | ၂ | ၂ | ၂ | ၂ | ၂ |

- **VESA**

| အရွယ်အစား | ၃၂" | ၄၀" | ၄၃" |
|---|---|---|---|
| က(မီလီမီတာ) | ၂၀၀ | ၂၀၀ | ၂၀၀ |
| ခ(မီလီမီတာ) | ၂၀၀ | ၂၀၀ | ၂၀၀ |

### အရေးကြီးသတိပေးချက်

- ဤတီဗွီကို အသုံးပြုသူသည် ပန်နာဆိုးနစ်နံရံကပ်ဒေါက်ကို အသုံးမပြုခြင်း (သို့) ကျွမ်းကျင်မှုမ ရှိဘဲ ဒေါက်ကို တပ်ဆင်ခြင်း ပြုလုပ်ပါက အန္တရာယ် တစ်စုံတစ်ရာ ဖြစ်ပွားစေနိုင်ပါသည်။ တပ်ဆင်မည် ဆိုပါက ကျွမ်းကျင်သူ တစ်စုံတစ်ဦး ကို ခေါ်ယူ၍ တပ်ဆင်ရပါမည်။တပ်ဆင်မှု မှားယွင်းခဲ့လျှင် အောက်သို့ပြုတ်ကျပြီး စက်ကို ထိခိုက်ပျက်စီးစေနိုင်ပါသည်။သင်သည် စက်ကို ကျွမ်းကျင်မှု မရှိဘဲ မှားယွင်းစွာ တပ်ဆင်မိခဲ့ပါက ဖြစ်ပေါ်လာသည့် ပျက်စီးဆုံးရှုံးမှုများအားလုံးသည် ကုမ္ပဏီမှပေးသော အာမခံတွင် အကျုံးမဝင်ပါ။
- ရွေးချယ်၍ရသော အထောက်အကူပြုပစ္စည်းများ (သို့) နံရံကပ်ဒေါက်များ အသုံးပြုသည့် အခါတွင် လမ်းညွှန်ချက်များအတိုင်း တပ်ဆင်ထားခြင်း ရှိမရှိ သေချာစွာ စစ်ဆေးပြီးမှ အသုံးပြုပါ။
- ပုံမှန်အားဖြင့် အပူရှိန်ပြင်းသည့် ( စပေါ့လိုက်ဒ် မီး (သို့) ဟေလိုဂျင်လိုက်ဒ်မီး ) ကဲ့သို့ သော မျက်နှာကျက်မီးများ၏ အောက်တွင် တီဗွီကို မတပ်ဆင်ပါနှင့်။ထိုသို့ပြုလုပ်ပါက ၎င်းသည် ပုံပျက်သွားနိုင်ခြင်း (သို့) ၎င်း၏ ပလတ်စတစ်ဖြင့် ပြုလုပ်ထားသော အစိတ်အပိုင်းများကို ပျက်စီးစေနိုင်ပါသည်။
- နံရံကပ်စင်ကို နံရံတွင် တပ်ဆင်ရာ၌ ဂရုတစိုက်တပ်ဆင်ပါ။ ထို့အပြင် နံရံကပ်စင်ကို နံရံတွင် ဟန်ချက်ညီအောင် တပ်ဆင်ရန် လိုအပ်ပါသည်။ နံရံကပ်စင် မတပ်မီနံရံတွင် လျှပ်စစ်ကြိုး (သို့) ပိုက်များ ရှိမရှိ သေချာစွာ စစ်ဆေးပါ။
- သင်၏တီဗွီကို အသုံးမပြုတော့သည့် အခါတွင် ပြုတ်ကျခြင်းနှင့် ထိခိုက်ခြင်းတို့ မဖြစ်စေရန် ၎င်းကို နံရံကပ်စင်မှ ဖြုတ်ထားပါ။

## စားပွဲတင်ဒေါက်တပ်ဆင်ခြင်း

**အရေးကြီးသတိပေးချက်**

**စားပွဲတင်ဒေါက်ကိုဖြုတ်ခြင်း (သို့) ပြင်ဆင်ခြင်း မပြုလုပ်ပါနှင့်။**

- ထိုသို့မဟုတ်ပါက တီဗွီသည် ပြုတ်ကျ၍ ပျက်စီးသွားနိုင်ပြီး ထိခိုက်ဒဏ်ရာ ရနိုင်သည်။

**သတိပေးချက်**

**တီဗွီမှ ထောက်ခံမှုပေးထားသော စားပွဲတင်ဒေါက်မှ လွဲ၍ အခြားမည်သည့် စားပွဲတင်ဒေါက်ကိုမှ မသုံးပါနှင့်။**

- ထိုသို့မဟုတ်ပါက တီဗွီသည် ပြုတ်ကျ၍ ပျက်စီးသွားနိုင်ပြီး ထိခိုက်ဒဏ်ရာ ရနိုင်သည်။

**အကယ်၍ စားပွဲတင်ဒေါက်သည် မူမမှန် လာခြင်း (သို့) ရုပ်ပိုင်းဆိုင်ရာ ပျက်စီးလာပါက အသုံးမပြုပါနှင့်။**

- အကယ်၍ သင်သည် ရုပ်ပိုင်းဆိုင်ရာ ပျက်စီးနေသော စားပွဲတင်ဒေါက်ကို အသုံးပြုပါက ထိခိုက်ဒဏ်ရာ ရရှိနိုင်ပါသည်။ သင်၏ ပန်နာဆိုးနစ်ကိုယ်စားလှယ်နှင့် ချက်ချင်း ဆက်သွယ်ပါ။

**တပ်ဆင်စဉ်အတွင်း မူလီများ အားလုံး လုံလုံခြုံခြုံတင်းကျပ်စွာ ဖြစ်ကြောင်းသေချာပါစေ။**

- အကယ်၍ တပ်ဆင်စဉ်တွင်း မူလီများကို တင်းတင်းကျပ်ကျပ် သေချာစေရန် ဂရုစိုက်မှု မလုံလောက်ပါက စားပွဲတင်ဒေါက်သည် တီဗွီကိုထောက်ပံ့ရန် လုံလောက်မှု မရှိပါ။ ၎င်းသည် ပြုတ်ကျ၍ ပျက်စီးသွားနိုင်ပြီး ထိခိုက်ဒဏ်ရာ ရခြင်းလဲ ဖြစ်နိုင်ပါသည်။

**တီဗွီပြုတ်မကျကြောင်း သေချာပါစေ**

- တီဗွီကို လက်နှင့် ထုခေါက်ခြင်း (သို့) ကလေးများက တီဗွီတွင် တပ်ဆင်ထားသော စားပွဲတင်ဒေါက် တပ်လျှင် တီဗွီ ပြုတ်ကျပြီး ထိခိုက်ဒဏ်ရာ ရရှိနိုင်ပါသည်။

**တီဗွီကို တပ်ဆင်ရန်နှင့် ဖြုတ်ရန်အတွက် လူနှစ်ဦး(သို့) နှစ်ဦးထက်ပို၍ လိုအပ်သည်။**

- အကယ်၍ လူနှစ်ဦး (သို့) ပိုသောလူများ မရှိပါက တီဗွီ ပြုတ်ကျပြီး ထိခိုက်ဒဏ်ရာ ရနိုင်ပါသည်။

**တီဗွီမှစားပွဲတင်ဒေါက် ဖြုတ်သော အခါတွင် သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းထက် အခြားနည်းလမ်းများဖြင့် စားပွဲတင်ဒေါက်ကို မဖယ်ရှားပါနှင့်။**

- သို့မဟုတ်ပါက တီဗွီနှင့် အောက်ခံသည် ပြုတ်ကျ၍ ပျက်စီးသွားနိုင်ပြီး ထိခိုက်ဒဏ်ရာ ရနိုင်ပါသည်။

**ပုံတွင် ဖော်ပြထားသော ထုတ်ကုန်၏ အသွင်အပြင်သည် သင်၏ အမှန်တကယ် ထုတ်ကုန်နှင့် ကွာခြားနိုင်ပြီး ကိုးကားရန် ရည်ရွယ်ချက်အတွက်သာ ဖြစ်သည်။**

**တီဗွီမှ စားပွဲတင်ဒေါက်ဖယ်ရှားခြင်း**

တီဗွီအားနံရံကပ်စင်နှင့် အသုံးပြုသောအခါ (သို့) ပြန်လည်တပ်ဆင်သော အခါ စားပွဲတင်ဒေါက်ကို ဖြုတ်ရာတွင် အောက်ပါနည်းအတိုင်းပြုလုပ်ကြောင်းသေချာပါစေ။

၁. တီဗွီတွင်တပ်ဆင်ထားသော မူလီများကို ဖယ်ပါ။

၂. အောက်ခံကို တီဗွီမှ ဖြုတ်ပါ။

**မှတ်ချက်။** ။ပုံများသည် ကိုးကားရန် အတွက်သာ ဖြစ်သည်။

၁. ကျေးဇူးပြုပြီး အထုပ်ထဲမှ အပိုပစ္စည်းအိတ်ကို ထုတ်ပြီးအောက်မှာ ပြထားသော အစိတ်အပိုင်းများ ပျောက်ဆုံးမှုမရှိကြောင်း စစ်ဆေးပါ။ မပြည့်စုံပါက ကျေးဇူးပြုပြီး သင်၏ ပြည်တွင်းဖြန့်ချီသူနှင့် ဆက်သွယ်ပါ။




၂. တီဗွီကို ထုတ်ပြီးနောက် ပျော့ပျောင်းသော အထည် (သို့) ကူရှင်ဖြင့် တည်ငြိမ်ပြီး ညီညာသော စားပွဲပေါ်တွင် မျက်နှာပြင်ကို အောက်ဘက်ထား၍ ဂရုတစိုက် တင်ပါ။




၃. ကိုက်ညီသော မူလီများကို အပေါက်များထဲသို့ထည့်၍ ကျပ်အောင် ပြုလုပ်ပြီးနောက် တီဗွီနှင့် အခြေကို ဆက်သွယ်ပါ။




(၃၂လက်မ)




(၄၀လက်မ၊၄၃လက်မ)

# အခန်း ၂ : အခြေခံအင်္ဂါရပ်များ

## တီဗွီရှိအသုံးပြုနိုင်သည့်အပေါက်များ

**မှတ်ချက်:** ပုံများသည် ကိုးကားရန် အတွက်သာ ဖြစ်သည်။

**နောက်ကျောဘက်အမြင်**






### ၁. အင်တာနက်ချိတ်ဆက်နိုင်သောလန်အပေါက် ( LAN )

အင်တာနက်ချိတ်ဆက်နိုင်သောအပေါက်




အင်တာနက်ထုတ်လွှင့်ပေးသောစက်

### ၂. ဒစ်ဂျစ်တယ်အသံထွက်ပေါက်

တီဗွီ၏ဒစ်ဂျစ်တယ်အသံလိုင်းကို သဟဇာတဖြစ်သောအသံထုတ်ပေးသည့်စက်ဖြင့်အလင်းကြိုး ( အော့ပ်တီကယ်ကေဘယ်လ်) အသုံးပြု၍ ချိတ်ဆက်ပါ။




ဒစ်ဂျစ်တယ်အသံစက်

### ၃. အိတ်ချ်ဒီအမ်အိုင် အဝင်ပေါက် ( HDMI )

ချိတ်ဆက်ထားသောအိတ်ချ်ဒီအမ်အိုင် ( HDMI )စက်မှ အိတ်ချ်ဒီအမ်အိုင်(HDMI) အဝင်အချက်ပြကို ဖမ်းယူရရှိသည်။




ရုပ်သံဖမ်းသည့်စက်

ဗွီဒီယိုရိုက်ကူးစက်

**မှတ်ချက် :**

(၁) အကယ်၍ပြင်ပကိရိယာတွင် ဒီဗွီအိုင် ( DVI ) အတွက်သာရှိပါက အိတ်ချ်ဒီအမ်အိုင် (HDMI) အပေါက်နှင့် ချိတ်ဆက်ရန် ဒီဗွီအိုင် ( DVI) မှ အိတ်ချ်ဒီအမ်အိုင်(HDMI) ပြောင်းပေးသော ကြားခံကေဘယ်လ်ကို သုံးပါ။

(၂) အသံဖမ်းစက်မှ အသံထွက်မှုကို ထိန်းချုပ်ရန် ပထမဆုံးသင့်တွင် အိတ်ချ်ဒီအမ်အိုင် (HDMI) အသံအထွက်ကို ထောက်ပံ့သော စက်တစ်ခု ရှိရမည်။ ပြီးနောက် ၎င်းကို အိတ်ချ်ဒီအမ်အိုင်(HDMI) အပေါက် (၁) နှင့် ချိတ်ပါ။ သင်၏တီဗွီတွင် အသံထွက်ချိန်ညှိခြင်းကို ဖွင့်လိုက်သောအခါ တီဗွီ၏စပီကာများ အလိုအလျောက် အသံတိတ်သွားပြီး အသံကို သင်၏အသံစနစ် ကိရိယာမှ ထုတ်ပေးလိမ့်မည်။

### ၄. ယူအက်စ်ဘီ ( USB )

ယူအက်စ်ဘီ ( USB )စက်ကို တီဗွီတွင်တပ်ပါ။




**မှတ်ချက်:** ယူအက်စ်ဘီ ( USB )စက်ကို အသုံးပြုနေစဉ် ယူအက်စ်ဘီ (USB) စက်ကိုဖြုတ်လိုက်ခြင်း (သို့) တီဗွီကို ပိတ်လိုက်ခြင်း လုံးဝမပြုလုပ်ပါနှင့်။

### ၅. အင်တာနာအဝင်

အင်တာနာမှ (သို့) ကေဘယ်လ်မှ အချက်ပြမှု ရရှိစေရန် အတွက် နှစ်ထပ်ကေဘယ်လ်နှင့် ချိတ်ဆက်ပါ။




**မှတ်ချက် :**

(၁) တီဗွီအောက်တွင် အာအက်ဖ်(RF)ကေဘယ်လ်မထားပါနှင့်။

(၂) အရည်အသွေးအကောင်းဆုံးရုပ်ပုံနှင့် အသံ၊ လေလှိုင်း ရရှိရန် မှန်ကန်သော ကေဘယ်လ် (၇၅ Ω ကိုအေဆယ်(coaxial)နှင့် မှန်ကန်သောအပေါက် ဖြစ်ရန် လိုအပ်သည်။

(၃) အကယ်၍အများသုံး အင်တာနာစနစ်ကို အသုံးပြုပါက တီဗွီနှင့် နံရံရှိအပေါက်အကြား တွင် မှန်ကန်သောကြိုးနှင့် ပလပ်ဆက်သွယ်မှုကို လိုအပ်ပါသည်။

(၄) သင်၏ဒေသတွင်း တီဗွီဆားဗစ်စင်တာ (သို့) အရောင်းကိုယ်စားလှယ်သည် သင်၏ သတ်မှတ်ဧရိယာနှင့် လိုအပ်သော ဆက်စပ်ပစ္စည်းများအတွက် မှန်ကန်သော လေလှိုင်းစနစ်ရရှိရန် သင့်အားကူညီပေးနိုင်သည်။

(၅) လေလှိုင်းတပ်ဆင်ခြင်း၊ လက်ရှိစနစ်များနှင့် ဆက်စပ်ပစ္စည်းများ အဆင့်မြှင့်တင်ခြင်း နှင့် ပတ်သက်သော မည်သည့်ကိစ္စရပ်မဆို လိုအပ်သော ကုန်ကျစရိတ်များသည် ဝယ်ယူသူ၏ တာဝန်သာဖြစ်သည်။

## ၆. ရုပ်သံအဝင်

ဒီဗွီဒီကဲ့သို့သော ထုတ်လွှတ်မှုအရင်းအမြစ်မှ အသံနှင့် ဗွီဒီယိုကို လက်ခံရရှိသည်။




# တီဗွီ၏ ထိန်းချုပ်မှုများ

## ■ ပါဝါဆက်သွယ်ခြင်း



**မှတ်ချက် :** ဓာတ်ပုံများသည် ကိုးကားရန် အတွက်သာ ဖြစ်သည်။

ပါဝါကြိုးဖြင့် တီဗွီနှင့် (၁၁၀–၂၄၀ ဗို့ ~ ၅၀/၆၀ ဟတ်ဇ်) ရှိသော ပါဝါပလပ်ပေါက်ကို ချိတ်ဆက်ပါ။

## ■ တီဗွီဖွင့်ခြင်း / ပိတ်ခြင်း

၁. ပါဝါပလပ်ပေါက်နှင့် တီဗွီကို ပါဝါကြိုးဖြင့် ချိတ်ပါ။
၂. အရန်သင့်အခြေအနေတွင်၊ Power ⏻ ခလုတ်ကို နှိပ်ပြီး တီဗွီဖွင့်ပါ။
၃. လုပ်ဆောင်နေသောအနေအထားတွင်၊ Power ⏻ ခလုတ်ကိုနှိပ်ပြီး တီဗွီကို အရန်သင့်အနေအထားသို့ပြောင်းပါ။
၄. တီဗွီကို အပြီးသတ် ပါဝါပိတ်ရန် ပါဝါကြိုးကို ဖြုတ်လိုက်ပါ။

## ■ ပါဝါညွှန်ပြချက်




**မှတ်ချက် :** ဓာတ်ပုံများသည် ကိုးကားရန် အတွက်သာ ဖြစ်သည်။

- **အနီရောင်အလင်း :** အရန်သင့်အခြေအနေ
- **အစိမ်းရောင်အလင်း :** လုပ်ဆောင်နေသောအနေအထား
- **အလင်းရောင်မရှိ :** ပါဝါပိတ်ထားသည်။

## ■ နှိပ်၍ရသော ခလုတ်




**မှတ်ချက် :** ဓာတ်ပုံများသည် ကိုးကားရန် အတွက်သာ ဖြစ်သည်။

### အလယ်ကို နှိပ်ပါ :

၁. အရန်သင့်အခြေအနေတွင် ၎င်းကို နှိပ်ခြင်းဖြင့် တီဗွီဖွင့်နိုင်သည်။
၂. လုပ်ဆောင်သောအနေအထားတွင်
- မီနူးတစ်ခုမှ မရှိပါက အောက်ပါပုံတွင် ပြထားသော အမြန်မီနူးကို ဝင်ရောက်ရန် ၎င်းကို တိုတောင်းစွာ နှိပ်ပါ။
- မီနူးရှိပါက ရွေးချယ်ထားသော အချက်ကို ဝင်ရောက်ရန် ၎င်းတို့ကို တိုတောင်းစွာ နှိပ်ပါ။
- ၎င်းကို ကြာရှည်စွာ နှိပ်ခြင်းဖြင့် တီဗွီကို အရန်သင့်အနေအထားသို့ ပြောင်းလဲပေးနိုင်သည်။




### ဘယ်/ညာ တွန်းပါ။

တီဗွီအသံအတိုးအကျဲ ညှိရန် (သို့) မီနူးပြင်ဆင်မှုတွင် သင်နှစ်သက်သော အရာကို ရွေးချယ်ရန် ဘယ်/ညာသို့ ရွှေ့ပါ။

### အရှေ့/အနောက် တွန်းပါ။

လိုင်းများရွေးချယ်ရန် (သို့) မီနူးပြင်ဆင်မှုတွင် လိုအပ်သော အရာကို ရွေးချယ်ရန် အပေါ်/အောက်သို့ ရွှေ့ပါ။

# အဝေးထိန်းခလုတ်ထိန်းချုပ်မှု

**မှတ်ချက် :**

(၁) ဓာတ်ပုံသည် ကိုးကားရန် အတွက်သာ ဖြစ်သည်။

(၂) အချို့နေရာများ၊ အချို့မော်ဒယ်များ (သို့) အရင်းမြစ်အချို့အတွက် အချို့သော ခလုတ်များ မရရှိနိုင်ပါ။

(၃) အချို့ဒေသများတွင် ဤတီဗွီလိုင်းများမရှိသောကြောင့် အချို့ဤတီဗွီခလုတ်များသည် အသုံးပြု၍ ရမည်မဟုတ်ပါ။




၁. **POWER ( ⏻ ):** တီဗွီကို ဖွင့်ရန် (သို့) အရန်သင့်အနေအထား ပြောင်းရန်။

၂. **Number Buttons (0~9):** တိုက်ရိုက်ရုပ်သံလိုင်းကို ရွေးချယ်ပါ။

၃. **LIST:** ရုပ်သံလိုင်း စာရင်းကို ရယူရန်။

၄. **INFO:** အချက်အလက်ကို ဝင်ရောက်ကြည့်ရှုရန်။

၅. **VOL +/-:** အသံ အတိုးအချဲ့ကို တိုးခြင်း / လျှော့ခြင်း ပြုလုပ်ရန်။

၆. **P ^/v** : နောက်လာမည့် (သို့) ပြီးသွားသည့် အစီအစဉ်ကို ပြောင်းလဲရန်။

၇. **MUTE:** အသံတိတ် (သို့) အသံဖွင့်ရန်။

၈. **APPS ( ⠿ ):** အက်ပလီကေးရှင်း စင်တာသို့ ဝင်ရန်။

၉. **NETFLIX:** နက်ဖလစ်၏ အက်ပလီကေးရှင်းများဝင်ရန်။

၁၀. **MENU:** မိန်းမီနူးဆက်တင်သို့ ဝင်ရောက်ခြင်း (သို့) ရုပ်သံဖမ်းစက်ရှိ quick ဆက်တင် တွင်ပြထားသော မီနူးထဲသို့ ဝင်ရောက်ခြင်း။

၁၁. **HOME:** ပင်မစာမျက်နှာသို့ ဝင်ရောက်ရန်။

၁၂. **UP/DOWN/LEFT/RIGHT:** သင်လိုအပ်သော အရာကို ရွေးချယ်ရန် မီနူးကို သွားရန်။

၁၃. **OK:** ရွေးချယ်ထားသော အရာကို အတည်ပြုခြင်း (သို့) ဝင်ရောက်ခြင်း၊ ဆက်တင်တွင်ပြ ထားသော မီနူးထဲသို့ ဝင်ရောက်ခြင်း (သို့) ရုပ်သံဖွင့်စက်ရှိ ထိန်းချုပ်ဘားကို ဖွင့်ခြင်း။

၁၄. **EXIT:** လက်ရှိလုပ်ဆောင်မှုမှ ထွက်ရန်။

၁၅. **BACK:** အနောက်ဘက်ရှိ ချန်နယ်သို့ ပြောင်းခြင်း။

၁၆. **ZOOM:** ရှုထောင့်အချိုးအစားရွေးချယ်ရန်။

၁၇. **GUIDE:** အီးပီဂျီစနစ်သို့ ဝင်ရောက်ရန်။

၁၈. **SOURCE:** အချက်အလက်ဖြည့်သွင်းမှု အရင်းအမြစ်ကို ရွေးချယ်ရန်။

၁၉. **SUBTITLE:** စာတန်းထိုးဖွင့်ရန် (သို့) ပိတ်ရန်။

၂၀. ***** USB Play Control Buttons *****

- **Fast Backward ( ◀◀ ):** ပြန်ကြည့်သည့် ခလုတ်ကို နောက်သို့ အမြန်ပြန်သွားရန်။
- **PLAY ( ▶ ):** ပြန်ကြည့်သည့် ခလုတ်ကို စတင်ရန်။
- **Fast Forward ( ▶▶ ):** ပြန်ကြည့်သည့် ခလုတ်ကို ရှေ့သို့ အမြန်ပြန်သွားရန်။
- **PAUSE ( II ):** ပြန်ကြည့်သည့်ခလုတ်ကို ခေတ္တရပ်တန့်ရန်၊(သို့) ဤတီဗွီစနစ်တွင် အချိန်ပြောင်းလဲမှုလုပ်ငန်းကို ဖွင့်ရန်။
- **STOP ( ■ ):** ပြန်ကြည့်သည့် ခလုတ်ကို ရပ်တန့်ရန်။

၂၁. **Color Buttons (R/G/Y/B):** တိကျသော စနစ်တွင် လုပ်ငန်းများကို ချက်ချင်း ဆောင်ရွက်ရန်။

၂၂. **I/II:** အသံလွှင့်သော အစီအစဉ်ပေါ်မူတည်၍ အသံဘာသာစကားရွေးချယ်ရန်။

၂၃. ***** Teletext Buttons *****

- **TEXT:** ပရိုဂရမ်အချက်အလက်များ ဖော်ပြပေးသော ခလုတ်များ။
- **REVEAL:** ဖုံးကွယ်ထားသော သတင်းအချက်အလက်များ ပြသရန်။
- **INDEX:** အညွှန်းစာမျက်နှာကို ပြသရန်။
- **HOLD:** ပရိုဂရမ်အချက်အလတ်များ ဖော်ပြပေးသော စာမျက်နှာကိုမျက်နှာပြင်ပေါ်တွင် ပြုပြင်ခြင်း (သို့) ပြောင်းလဲခြင်း မရှိဘဲထားရန်။

၂၄. **AD:** လုပ်ဆောင်ရလွယ်ကူသော ဆက်တင်သို့ ဝင်ရောက်ရန်။

၂၅. **FAV:** ကြိုက်နှစ်သက်သော ပရိုဂရမ်များ စာရင်းကို ရယူရန်။

## တီဗွီကိုရီမုဒ်နှင့်ထိန်းချုပ်ပုံ

မှတ်ချက် :

၁) ဤပုံသည် ကိုးကားရန်အတွက်သာဖြစ်သည်။

၂) ဤရီမုဒ်သည် ဘလူးတုရီမုဒ်တစ်ခုဖြစ်ပါသည်။ဤရီမုဒ်ကို အသုံးမပြုမီ တီဗွီနှင့် အရင်ချိတ်ဆက်ပါ။ အောက်တွင်ဖော်ပြထားသော အဆင့်များသည် ကိုးကားရန်အတွက်သာ ဖြစ်ပါသည်။

၃) အကယ်၍ ၂မိနစ်ထက်ကြာသွားပြီးသော်လည်း ချိတ်ဆက်၍ မရသေးပါက အောက်တွင် ဖော်ပြထားသည့် အဆင့်များအတိုင်း နောက်တစ်ကြိမ် ထပ်မံ ချိတ်ဆက်ပါ။

**အဆင့် ၁ :** ပထမဆုံးမူလစာမျက်နှာကိုဝင်ရန် **HOME** ဆိုသည့်ခလုတ်ကို နှိပ်ပါ။

**အဆင့် ၂ :** ▲ ခလုတ်နှိပ်၍ မူလစာမျက်နှာရှိ "Setting" ကိုရွေးချယ်ပါ။

**အဆင့် ၃ :** "Remotes & Accessories" ကိုရွေးချယ်၍ "General Setting" ကိုဝင်ပါ။




**အဆင့် ၄ :** "Add accessory" ကိုရွေးချယ်၍ "Searching For accessories" ကိုဝင်ပါ။




**အဆင့် ၅ :** တီဗွီတွင် ဘလူးတုချိတ်ရန်ရှာဖွေနေစဉ်တွင် ရှာဖွေနေသည့် မျက်နှာပြင်ပေါ်တွင် သင်ချိတ်ဆက်မည့် ဘလူးတု၏ နာမည်ပေါ်လာသည့်အထိ **HOME** ခလုတ်နှင့် ◄ ခလုတ်ကို တပြိုင်တည်းနှိပ်ပါ။ရီမုဒ်ရှိ အယ်လ်အီးဒီမီးစိမ်းပြီးဆက်တိုက် မှိတ်တုတ်မှိတ်တုတ် လင်းနေပါလိမ့်မည်။




**အဆင့် ၆ :** ချိတ်ဆက်မည့် ဘလူးတု ရီမုဒ်၏ ပေါ်လာမည့် နာမည် ကတော့ "TV BLE Remote" ဖြစ်ပါသည်။ထိုနာမည့်ပေါ်လာမည်ဆိုပါက ချိတ်ဆက်ရန် ရွေးချယ်လိုက်ပါ။




**အဆင့် ၇ :** ပြီးနောက် စတင်ချိတ်ဆက်ရန် **OK** ခလုတ်ကိုနှိပ်ပါ။ ထိုအချိန်တွင် တီဗွီဖန်သားပြင်၌ "**Pairing**".. ဆိုသည့် စာသား ပေါ်နေပါလိမ့်မည်။

**အဆင့် ၈ :** ထို့နောက်ချိတ်ဆက်သွားသည့်အခါတွင် တီဗွီဖန်သားပြင်၌ "**Connecting**".. ဆိုသည့်စာသားပေါ်လာပါလိမ့်မည်။

**အဆင့် ၉ :** အမှန်တကယ်အောင်မြင်စွာ ချိတ်ဆက်၍ရတော့မည် ဆိုပါက ဖန်သားပြင်ပေါ်တွင် "**Paired**" ဆိုသည့် စာသား ပေါ်ပြီး အယ်လ်အီးဒီ မီးလေးသည့်အစိမ်းရောင်မီး အဖြစ် မှိတ်တုတ်မှိတ်တုတ် လင်းခြင်း ခဏရပ်သွားပါလိမ့်မည်။ရီမုဒ်၏ မည့်သည့် ခလုတ်ကို မဆို တစ်ချက်စီ နှိပ်တိုင်းအယ်လ်အီးဒီ အစိမ်းရောင်မီးသည် မှိတ်တုတ် မှိတ်တုတ် တစ်ကြိမ်စီသာ လင်းပါတော့သည်။




- **ဘလူးတုချိတ်ဆက်စဉ် ရီမုဒ်၏ အယ်လ်အီးဒီ မီးအခြေအနေနှင့် အနီအောက်ရောင်ခြည်စနစ်များ**

| | |
|---|---|
| **အစိမ်းရောင်အယ်လ်အီးဒီ မီးဆက်တိုက်မှိတ်တုတ် မှိတ်တုတ်လင်းနေခြင်း** | ဘလူးတုချိတ်၍ ရရန်ပြုလုပ်နေစဉ်တွင် ရီမုဒ်၏အယ်လ်အီးဒီမီး သည် အစိမ်းရောင်လင်းလာပြီးဆက်တိုက်မှိတ်တုတ်မှိတ်တုတ် ဖြစ်နေပါလိမ့်မည်။ |
| **အစိမ်းရောင်အယ်လ်အီးဒီ မီးတစ်ကြိမ်သာမှိတ်တုတ် မှိတ်တုတ်လင်းနေခြင်း** | ဘလူးတုအမှန်တကယ် အောင်မြင်စွာ ချိတ်ဆက်၍ ရသွားပြီ အသုံးပြုနေစဉ်တွင် ရီမုဒ်ရှိ မည့်သည့် ခလုတ်ကိုမဆိုနှိပ်ပါက အယ်လ်အီးဒီမီးသည် အစိမ်းရောင်လေးအဖြစ် တစ်ချက်စီ နှိပ်တိုင်း တစ်ကြိမ်စီသာ မှိတ်တုတ်မှိတ်တုတ် လင်းပါတော့မည်။ |
| **အနီရောင်အယ်လ်အီးဒီမီး တစ်ကြိမ်သာမှိတ်တုတ် မှိတ်တုတ်လင်းနေခြင်း** | အနီအောက်ရောင်ခြည်ကို အသုံးပြုနေစဉ် ရီမုဒ်ရှိမည့်သည့် ခလုတ်ကို မဆို နှိပ်ပါက အယ်လ်အီးဒီမီးသည် အနီရောင် မီးအဖြစ် တစ်ချက်နှိပ်တိုင်း တစ်ကြိမ်စီသာ မှိတ်တုတ်မှိတ်တုတ်လင်းပါမည်။ |

# ကနဦးဖွဲ့စည်းပုံ

သင်ပထမဦးဆုံးအကြိမ်တီဗွီကိုဖွင့်လိုက်သောအခါအောက်ဖော်ပြပါကနဦးချိန်ညှိချက်ဆက်တင်များကိုပြီးအောင်လုပ်ဆောင်ရန်လမ်းညွှန်ပေးမည့်ပရိုဂရမ်တစ်ခုကိုပြသလိမ့်မည်။

**အဆင့် (၁)။ သင်၏ဘလူးတုအဝေးထိန်းခလုတ် (သို့) အခြားကိရိယာများကိုတီဗွီနှင့်ချိတ်ဆက်ပါ။**




**အဆင့် (၂)။ သင်လိုအပ်သောမီနူးဘာသာစကားကိုရွေးပါ။**




**အဆင့် (၃)။ တီဗွီကိုဖွဲ့စည်းတပ်ဆင်ရန်အန်းဒရွိုက်ဖုန်းကိုအသုံးမပြု (သို့) အသုံးပြုမည်ကိုရွေးပါ။**




**မှတ်ချက်။** အကယ်၍သင်သည်တီဗွီကိုဖွဲ့စည်းတပ်ဆင်ရန်သင့်အန်းဒရွိုက်ဖုန်းကိုအသုံးမပြုပါကသင်သည်အဆင့် (၄) သို့တိုက်ရိုက်ကျော်သွားနိုင်ပါသည်။ အကယ်၍သင့်အန်းဒရွိုက်ဖုန်းကိုအသုံးပြုပြီးတီဗွီဖွဲ့စည်းတပ်ဆင်မည်ဆိုပါကအောက်ဖော်ပြပါလမ်းညွှန်ချက်အတိုင်းကျေးဇူးပြု၍လုပ်ဆောင်ပါ။

**(သင်၏အန်းဒရွိုက်ဖုန်းဖြင့်တီဗွီဖွဲ့စည်းတည်ဆောက်ရန်လမ်းညွှန်ချက်များ)**

- သင်၏အန်းဒရွိုက်ဖုန်းမှဘလူးတုလုပ်ဆောင်မှုကိုဖွင့်ပါ။ ပြီးနောက် "Google" အပ်ပလီကေးရှင်းအားသင့်ဖုန်းတွင်ရှာပြီးဖွင့်ပါ။




- " " ဤအိုင်ကွန်ကိုနှိပ်ပါ။ ထို့နောက်ဂူးဂဲလ်ကို "Ok Google,setup my device" ဟုပြောပေးပါ။




- ၎င်းနေရာတွင် "Getting started" ဟုပြောသောအခါစက်များကိုရှာရန်ကျေးဇူးပြု၍ "Next" ကိုနှိပ်ပါ။







- တီဗွီဖန်သားပြင်တွင်ပြထားသည့်အတိုင်းသင်၏တီဗွီ၏အမည်ကိုရွေးချယ်ပါ။






- သင်၏ဖုန်းတွင်ပြထားသော ကုဒ်သည် တီဗွီဖန်သားပြင်တွင် ပြသထားသည့်နှင့် တူကြောင်း သေချာရန် စစ်ဆေးပါ။ထို့နောက်သင့်ဖုန်းနှင့် တီဗွီချိတ်ဆက်ရန် "Next" ကိုနှိပ်ပါ။










- သင်၏ဖုန်းကို ရွေးချယ်ထားသော ကြိုးမဲ့နက်ဝပ်သို့ ချိတ်ဆက်ပါ။ ပြီးနောက် သင်၏ ဂူဂဲလ်အကောင့်ကို ရွေးချယ်ပါ။







- သင်၏ဂူဂဲလ်အကောင့်နှင့် အင်တာနက်ကို တီဗွီသို့ ကူးယူပါ။







- သင်၏လျှို့ဝှက်နံပါတ်ရိုက်ထည့်ပြီး အင်တာနက်နှင့် ဂူးဂဲလ်အကောင့်ကို တီဗွီသို့ အပြီးသတ် ဆက်သွယ်ချိတ်ဆက်ပါ။






အဆင့်(၄)။ သင့်တီဗွီကိုကြိုးမဲ့နက်ဝပ်ဖြင့်ချိတ်ဆက်ရန် (သို့) မချိတ်ဆက်ရန် ရွေးချယ်ပါ။




မှတ်ချက်။ ။အကယ်၍သင်သည် တီဗွီကိုကြိုးမဲ့နက်ဝပ်ဖြင့် ချိတ်ဆက်လိုက်ပါက ၎င်းသည် ဂူဂဲလ်ဆားဗစ်အက်ပ်ဒိတ်ကဲ့သို့သော အက်ပ်ဒိတ်များကို စစ်ဆေးလိမ့်မည်။ပြီးနောက် ကျေးဇူးပြု၍ သင်၏ဂူဂဲလ်အကောင့်သို့ ဝင်ရန် (သို့) မဝင်ရန် ရွေးချယ်ပါ။




အဆင့်(၅)။ ဂူဂဲလ်၏ဝန်ဆောင်မှုဆိုင်ရာသတ်မှတ်ချက်များနှင့် သီးသန့်တည်ရှိမှု မူဝါဒကိုလက်ခံရန်ဖတ်ပါ။




အဆင့်(၆)။ သင်၏တီဗွီတည်နေရာကိုဂူဂဲလ် (သို့) တတိယအဖွဲ့အစည်းမှ အသုံးပြုခွင့် ပြုမပြုကို ရွေးချယ်ပါ။




အဆင့်(၇)။ ဂူဂဲလ်အားသင်၏အန်းဒရွိုက်တီဗွီကိုတိုးတက်အောင် ကူညီခွင့်ပြုမပြု ရွေးချယ်ပါ။




အဆင့်(၈)။ သင့်ကိုအန်းဒရွိုက်တီဗွီ၏အဓိက လုပ်ဆောင်ချက်များအား မိတ်ဆက်ပေးသည်။




အဆင့်(၉)။ ဂူဂဲလ်မှ အကြံပြုထားသော အက်ပလီကေးရှင်း များကို ရွေးပြီး ထည့်သွင်းပါ။ ဤအဆင့်သည် ဂူဂဲလ်ဝန်ဆောင်မှု အပေါ်မူတည်၍ မရနိုင်ခြင်းလည်းရှိသည်။ ဤနေရာတွင် ပြထားသော အက်ပလီကေးရှင်းများသည် မတူညီသော မော်ဒယ်နှင့် နေရာဒေသပေါ် လိုက်၍ ကွဲပြားမှုရှိသည်။




အဆင့်(၁၀)။ နိုင်ငံရွေးပါ။



အဆင့်(၁၁)။ အယ်လ်စီအန်(LCN)(Logical Channel Number) ခလုတ်ကိုဖွင့်ပါ(သို့)ပိတ်ပါ။




အဆင့်(၁၂)။ အသုံးပြုသူထိန်းချုပ်မှုစတင်ရန်အတွက် ပထမဦးဆုံးလျှို့ဝှက်ကုဒ်ကို ထည့်သွင်းပါ။




အဆင့်(၁၃)။ ဒေသအတွင်းစာတိုက်မှပေးပို့သောကုဒ်ကိုထည့်သွင်းပါ။ အင်ဒိုနီးရှားနိုင်ငံတွင်သာရနိုင်သည်။




အဆင့်(၁၄)။ အချိန်ဇုန်ကိုရွေးချယ်ပါ။ ဩစတြေးလျနိုင်ငံတွင်သာရနိုင်သည်။




အဆင့်(၁၅)။ တီဗွီစနစ်ကိုရွေးချယ်ပါ။ "**Home**"**mode** ကိုအိမ်တွင် ကြည့်ရှုရန်အကြံပြုပြီး "**Shop**"**mode** ကိုဆိုင်အစရှိသည်တို့တွင်တီဗွီကို ပြသရန်သုံးသင့်သည်။




မှတ်ချက်။ ။အကယ်၍သင်သည်တီဗွီစနစ်ကို"**Shop**"**mode** အားရွေးချယ်ပါက၎င်းသည်စွမ်းအားပိုမိုသုံးစွဲလိမ့်မည်။

အဆင့်(၁၆)။ ကြိုးမဲ့စနစ်ကိုအသုံးပြု၍ရုပ်သံများလွှဲပြောင်းသောစနစ်ကိုဖွင့်မဖွင့်တီဗွီတွင်ရွေးချယ်ပါ။




အဆင့်(၁၇)။ Tuner Mode ကိုရွေးချယ်ပါ။




အဆင့်(၁၈)။ "Channer Scan" စတင်ရန်(သို့)ကျော်ရန်ရွေးချယ်ပါ။




အဆင့်(၁၉)။ ကနဦးတပ်ဆင်မှုပြီးဆုံးသည်။




အဆင့်(၂၀)။ "End User License Agreeement" ကိုဖတ်ပါ။




**မှတ်ချက်။**

(၁) ရုပ်ပုံများသည်ကိုးကားရန်အတွက်သာဖြစ်သည်။ ကြည်လင်သောရုပ်ပုံများနှင့်မှန်ကန်သောအကြောင်းအရာအတွက်ကျေးဇူးပြု၍သင်၏အန်းဒရွိုက်တီဗွီ(သို့)ဖုန်းမှမြင်ကွင်းပုံအမှန်များကိုဖတ်ရှုပါ။

(၂) ဂူဂဲလ်လိုအပ်ချက်များပေါ်မူတည်၍ကနဦးချိန်ညှိချက်များသည်အသိပေးခြင်းမရှိဘဲပြောင်းလဲနိုင်သည်။ မျက်နှာပြင်စခရင်တွင်ဖော်ပြထားသည့်အတိုင်းအစကနဦးချိန်ညှိချက်များကိုပျက်အောင်လုပ်ဆောင်ရန်လိုအပ်သည်။

(၃) ပထမဦးဆုံးအကြိမ်ချိန်ညှိတည်ဆောက်ပြီးနောက်မူလတည်ဆောက်မှုကိုပြန်လည်စတင်လိုလျှင်ကျေးဇူးပြု၍ *<**HOME** → Settings → General Settings → Device Preferences → Reset>* ဤကဲ့သို့ရွေးပါ။

(၄) GS655 နှင့် HS550 သည်မတူညီသောဈေးကွက်များအတွက်အလားတူမော်ဒယ်များဖြစ်ကြသည်။

## ဖြည့်သွင်းအချက်အလက်အရင်းအမြစ်များရွေးချယ်ခြင်း

(၁) ဖြည့်သွင်းအချက်အလက်များအရင်းအမြစ်များ၏စာရင်းကိုဝင်ရောက်ကြည့်ရှုရန် "**SOURCE**"ခလုတ်ကိုနှိပ်ပါ။

(၂) လိုအပ်သောဖြည့်သွင်းအချက်အလက်များကိုရွေးချယ်ရန်ခလုတ်ကို ▲/▼ နှိပ်ပါ။

(၃) ရွေးချယ်ထားသောဖြည့်သွင်းအချက်အလက်များကိုဝင်ရောက်ရန်"**OK**"ခလုတ်ကိုနှိပ်ပါ။




**မှတ်ချက်။** ဤပုံသည်ကိုးကားရန်အတွက်သာဖြစ်သည်။

## အီလက်ထရောနစ်ပရိုဂရမ်လမ်းညွှန်

အီလက်ထရောနစ်ပရိုဂရမ်လမ်းညွှန်ကို ပရိုဂရမ်ပံ့ပိုးသူများက ထောက်ပံ့ပြီးထုတ်လွှင့်မည့် အစီအစဉ်များနှင့် ပက်သက်သည့်သတင်းအချက်အလက်များကို ပေးသည်။ အဝေးထိန်းခလုတ်ပေါ်ရှိ Guideခလုတ်ကို နှိပ်ခြင်းအားဖြင့် ၎င်းကို ဒီတီဗွီစနစ်ဖြင့် အသုံးပြုနိုင်သည်။




**မှတ်ချက်။** ဤပုံသည် ကိုးကားရန်အတွက်သာ ဖြစ်သည်။

- ပြီးခဲ့သောနေ့၏ အစီအစဉ်အချက်အလက်များကို စစ်ဆေးရန် **RED** ခလုတ်ကိုနှိပ်ပါ။
- နောက်တစ်နေ့၏ အစီအစဉ်အချက်အလက်များကို စစ်ဆေးရန် **GREEN**ခလုတ်ကိုနှိပ်ပါ။
- လိုချင်သော ပရိုဂရမ်အမျိုးအစားကို ရွေးရန် **BLUE** ခလုတ်ကိုနှိပ်ပါ။

## အချိန်လွှဲပြောင်းအသုံးပြုမှုလုပ်ဆောင်ချက်

သင်၏ကြည့်ရှုခြင်းအားတုံ့ဆိုင်းခြင်း(သို့) နှောင့်နှေးခြင်းများရှိသည့်အချိန်တွင် ဒီတီဗွီပရိုဂရမ်ကို ယာယီမှတ်တမ်းတင်ရန် အချိန်လွှဲပြောင်းခြင်းကို အသုံးပြုသည်။

**အဆင့်(၁)။** အမြန်မီနူးဆက်တင်သို့ဝင်ရန် **MENU** ခလုတ်ကိုနှိပ်ပါ။

**အဆင့်(၂)။** **"Time Shift"**စာရင်းတွင် **"Time Shift Mode"**ကို ရွေးချယ်ရန် "▼"နှင့် "▶" ခလုတ်များကိုနှိပ်ပါ။

**အဆင့်(၃)။** **"OK"**ခလုတ်ကိုနှိပ်ပြီး **"Time Shift Mode"**ကိုဖွင့်ပါ။

**အဆင့်(၄)။** လိုချင်သော ဒီတီဗွီအစီအစဉ်ကို ကြည့်ရန်ပြောင်းပါ။

**အဆင့်(၅)။** ဖွင့်ထားသော ဒီတီဗွီပရိုဂရမ်ကို ခေတ္တရပ်ရန် "**II**" ခလုတ်ကိုနှိပ်ပြီး အချိန်လွှဲပြောင်းအသုံးပြုခြင်းစတင်ပါ။

**အဆင့်(၆)။** သင်ပြန်လာသောအခါ သင်ခေတ္တရပ်တန့်ခဲ့သော ပရိုဂရမ်ကို ပြန်လည်ဖွင့်ရန် "▶"ခလုတ်ကိုနှိပ်ပါ။

**အဆင့်(၇)။** Time Shift ဖန်ရှင်ကိုရပ်တန့်ရန် ■ ခလုတ်ကိုနှိပ်ပါ။

**မှတ်ချက်။**

(၁) အချိန်လွှဲပြောင်းအသုံးမပြုမီ၊ အချိန်လွှဲပြောင်းမှတ်တမ်းတင်ခြင်းအတွက် လုံလောက်သောနေရာရှိကြောင်းသေချာစေရန် သင်၏ယူအက်စ်ဘီ(USB)စက်ကို ဖောမတ်(Format)ပြုလုပ်ခြင်းသည် ပို၍ကောင်းသည်။

(၂) မှတ်တမ်းတင်ထားသော အချိန်လွှဲပြောင်းမှတ်တမ်းတင်မှုသည် ကြာရှည်လွန်း၍ ပရိုဂရမ်အသစ်ကို မှတ်တမ်းတင်ရန်နေရာမရှိတော့ပါက တီဗွီသည် ပရိုဂရမ်အသစ်ကို မှတ်တမ်းတင်ရန် နေရာရှိရန်အတွက် မှတ်တမ်းတင်ထားပြီးသော ပရိုဂရမ်များကို အစမှ အလိုအလျောက် စတင်၍ဖွင့်မည်ဖြစ်သည်။

(၃) အကယ်၍ အချိန်လွှဲပြောင်းမှတ်တမ်းတင်မှုသည် ကြာရှည်လွန်း၍ ပရိုဂရမ်အသစ်ကို မှတ်တမ်းတင်ရန် နေရာမရှိတော့ပါက တီဗွီသည် ပရိုဂရမ်အသစ်ကို မှတ်တမ်းတင်ရန် နေရာရှိရန်အတွက် မှတ်တမ်းတင်ထားပြီးသော ပရိုဂရမ်များကို အစမှ အလိုအလျောက်စတင်၍ ဖွင့်မည်ဖြစ်သည်။

## အချိန်လွှဲပြောင်းအသုံးပြုမှုချိန်ညှိခြင်း

ပထမဆုံးအကြိမ် အချိန်လွှဲပြောင်းအသုံးပြုမှုလုပ်ဆောင်ချက်ကို အသုံးပြုပါက သင်၏ ယူအက်စ်ဘီစက်ကို အချိန်လွှဲပြောင်းအသုံးပြုမှုလုပ်ဆောင်ခြင်းအတွက် အကောင်းဆုံး အသုံးပြုရန် မည်သို့လုပ်ဆောင်ရမည်ကို လမ်းညွှန်ရန် အညွှန်းပရိုဂရမ်တစ်ခုကို ပြသလိမ့်မည်။

**အဆင့်၁:** တည်ဆောက်မှုစနစ်ကို ရွေးချယ်ပါ။ **အလိုအလျောက်(သို့)ကိုယ်တိုင်ရွေးချယ်စနစ်။**

- အကယ်၍ အလိုအလျောက်စနစ်ကို ရွေးချယ်ပါက၊ တီဗွီသည် သက်ဆိုင်ရာချိန်ညှိချက်များကို အလိုအလျောက်ပြီးအောင် လုပ်ဆောင်လိမ့်မည်။ သင်လုပ်ရန် လိုအပ်သည်မှာ ရလဒ်ကို စောင့်ရန်သာဖြစ်သည်။
- အကယ်၍ ကိုယ်တိုင်ရွေးချယ်သည့်စနစ်ကို ရွေးချယ်ပါက၊ ကျေးဇူးပြု၍ အောက်ပါအဆင့်များအတိုင်း ဆက်လက်လုပ်ဆောင်ပါ။

**အဆင့်၂:** ယူအက်စ်ဘီ(USB)စက်ကို ရှင်းလင်းမှုလုပ်မည်(သို့) မလုပ်ရန် ရွေးချယ်ပါ။

**အဆင့်၃:** အချိန်လွှဲပြောင်းအသုံးပြုမှုလုပ်ဆောင်ချက်အတွက် ဖိုင်အရွယ်အစားရွေးချယ်ပါ။

**အဆင့်၄:** ယူအက်စ်ဘီစက်၏ အမြန်နှုန်းကို စစ်ဆေးပါ။

**အဆင့်၅:** အချိန်လွှဲပြောင်းအသုံးပြုမှုလုပ်ဆောင်ချက်အတွက် အဆင်သင့်ဖြစ်ပါက ယူအက်စ်ဘီ၏ ရလဒ်ကို ပြသလိမ့်မည်။

**မှတ်ချက်:**

(၁) အကယ်၍ သင်သည် အချိန်လွှဲပြောင်းအသုံးပြုမှုလုပ်ဆောင်ချက်ကို ထည့်သွင်းထားပါက သင်သည် အချိန်လွှဲပြောင်းအသုံးပြုမှုလုပ်ဆောင်ချက်ကို ထပ်မံ၍ တည်ဆောက်ရန် မလိုအပ်ဘဲ တိုက်ရိုက်အသုံးပြုနိုင်သည်။

(၂) အကယ်၍ သင်သည် အချိန်လွှဲပြောင်းအသုံးပြုမှုလုပ်ဆောင်ချက်၏ ချိန်ညှိချက်များကို ပြောင်းလဲပြင်ဆင်လိုပါက၊ ကျေးဇူးပြု၍ <**MENU**→▼→Time Shift→ဟုရွေးပါ။

## လျှင်မြန်သောမီနူးချိန်ညှိခြင်း

**အဆင့်၁:** လျှင်မြန်သောမီနူးချိန်ညှိခြင်းကို ဝင်ရန် "**MENU**" ခလုတ်ကိုနှိပ်ပါ။

**အဆင့်၂:** ချန်နယ်(**Channels**)၊ တီဗွီထိန်းညှိချက်များ (**TV options**)(သို့) အချိန်လွှဲပြောင်းအသုံးပြုမှု (**Time Shift**) မီနူးအခွဲကို ရွေးချယ်ရန် ▲ / ▼ ခလုတ်ကိုနှိပ်ပါ။

**အဆင့်၃:** ရွေးချယ်ထားသည့်မီနူးအခွဲတွင် လုပ်ဆောင်ချက်များရွေးချယ်ရန် ◄ / ► ခလုတ်ကိုနှိပ်ပါ။

**အဆင့်၄:** ရွေးချယ်ထားသည့် လုပ်ဆောင်ချက်အထဲသို့ဝင်ရောက်ရန် **OK**ခလုတ်ကိုနှိပ်ပါ။

**အဆင့်၅:** လုပ်ဆောင်ချက်များကို ထိန်းညှိရန် ▲/▼(သို့) ◄/►(သို့) **OK**ခလုတ်ကိုနှိပ်ပါ။

**အဆင့်၆:** လျှင်မြန်သောမီနူးချိန်ညှိခြင်းမှ ထွက်ရန် **EXIT** ခလုတ်ကိုနှိပ်ပါ။

**မှတ်ချက်:**

(၁) ရုပ်ပုံများသည် ကိုးကားရန်အတွက်သာဖြစ်သည်။

(၂) လျှင်မြန်သောမီနူးချိန်ညှိချက်များမဝင်မီ "Live TV"စနစ်သို့ ကျေးဇူးပြု၍ ပြောင်းပါ။

(၃) အချို့နေရာဒေသများ၊ အချို့မော်ဒယ်များ(သို့) အချို့သောချိတ်ဆက်မှုများတွင် တစ်ချို့သော လုပ်ဆောင်ချက်များ မရရှိနိုင်ပါ။

**■ ရုပ်သံလိုင်းများ**



• Add to My Favourite : လက်ရှိကြည့်နေသောပရိုဂရမ်ကိုအကြိုက်ဆုံးစာရင်းတွင်ပေါင်းထည့်ရန်/အကြိုက်ဆုံးစာရင်းမှဖယ်ထုတ်ရန်။
• Program Guide : အီလက်ထရောနစ်ပရိုဂရမ်လမ်းညွှန်မှုသို့ဝင်ရောက်ရန်။
• New Channels Available : ရှိရာတိုက်ရိုက်ရုပ်သံလိုင်းများအတွက် အဆင့်မြှင့်တင်ရန် အရင်းအမြစ်များကိုသက်မှတ်ခြင်း (သို့) အချိန်နှင့်တပြေးညီ ကြည့်ရှုနိုင်သောချန်နယ်လိုင်းများကိုထည့်သွင်းထားသောအက်ပလီကေးရှင်းမှ ချိန်ညှိရန်။

■ **တီဗွီ၏ရွေးချယ်စရာများ**







•**Source**: ချိတ်ဆက်မှုအရင်းအမြစ်များကိုရွေးရန်။
•**Picture Mode**: ရုပ်ပုံစနစ်ကိုရွေးချယ်ရန်။
•**Display Mode**: ရှုထောင့်အမျိုးမျိုးကိုရွေးချယ်ရန်။
•**Speakers**: "တီဗွီစပီကာများ" နှင့် "ပြင်ပမှအသံဖွဲ့စည်းပုံ" ကြားရှိအသံထွက်ကိရိယာကိုပြောင်းရန်။
•**Power** : တီဗွီကိုအလိုအလျောက်ပိတ်သွားရန် မတူညီသောအချိန်များပေးခြင်းကို ချိန်ညှိရန် (သို့) ရုပ်ပုံကိုသာပိတ်ရန် လုပ်ဆောင်ချက်ကိုသတ်မှတ်ရန်။
•**Manual OAD** : လေလှိုင်းပေါ်မှဆော့ဝဲလ်အသစ်များကိုကိုယ်တိုင်ရှာဖွေရန်။
•**Advanced Options** : အဆင့်မြင့်လျှင်မြန်သောချိန်ညှိချက်များဖြစ်သည့် တီဗွီမျက်နှာပြင်အပြာရောင်ဖြစ်ခြင်းကိုပိတ်နိုင်သောလုပ်ဆောင်ချက်၊ တီဗွီဖွင့်လျှင်ပထမဆုံးပေးမည့်ချန်နယ်သတ်မှတ်ခြင်း၊ စာတန်းထိုးများ၊ ပရိုဂရမ်အချက်အလက်များကိုကြည့်နိုင်သောလုပ်ဆောင်ချက်များကိုချိန်ညှိရန်။
•**Setting**: အဓိကမီနူးချိန်ညှိခြင်းများသို့ဝင်ရောက်ရန်။

■ **အချိန်လွှဲပြောင်းအသုံးပြုမှု(Time Shift )**




•**Device Info**: အချိန်လွှဲပြောင်းအသုံးပြုမှုလုပ်ဆောင်ချက်ကိုအကောင်းဆုံးအသုံးပြုရန်အတွက် ချိန်ညှိရန်။
•**Time Shift Mode** : အချိန်လွှဲပြောင်းအသုံးပြုမှုလုပ်ဆောင်ချက်ကိုဖွင့်ရန် (သို့) ပိတ်ရန်။

## အဓိကမီနူးချိန်ညှိခြင်း

**အဆင့်၁**: အဓိကမီနူးချိန်ညှိချက်များသို့ဝင်ရောက်ရန် ကျေးဇူးပြု၍ < **MENU** → TV Options→Settings (သို့) <**Home**→Setting>ကိုရွေးချယ်ပါ။
**အဆင့်၂**: ▲/▼/◄/►နှင့်OK ခလုတ်များကိုလုပ်ဆောင်ချက်များ ရွေးရန်နှင့် ထိန်းညှိရန် နှိပ်ပါ။
**အဆင့်၃**: အထက်အဆင့်မီနူးသို့ပြန်သွားရန် (သို့) အဓိကမီနူးချိန်ညှိခြင်းမှ ထွက်ရန် **Back** ခလုတ်ကိုနှိပ်ပါ။

**မှတ်ချက်။**
(၁) ရုပ်ပုံများသည်ကိုးကားရန်အတွက်သာဖြစ်သည်။
(၂) အချို့နေရာဒေသများ၊ အချို့မော်ဒယ်များ(သို့)အချို့သောချိတ်ဆက်မှုများတွင် တစ်ချို့သောလုပ်ဆောင်ချက်များမရရှိနိုင်ပါ။







■ **အကြံပြုချက်များ(Suggestionns)**
သင်၏တီဗွီကိုအကောင်းဆုံးအသုံးပြုရန် အကြံပြုထားသော(သို့)မပြီးသေးသောချိန်ညှိချက်များပြသသည်။

■ **အထွေထွေချိန်ညှိချက်များ(General Settings)**
သင့်တီဗွီ၏လုပ်ဆောင်မှုများအားလုံးအတွက်အသေးစိတ်ချိန်ညှိချက်များ။

• **Network & Internet** : တီဗွီကိုကြိုးမဲ့(သို့)ကြိုးကွန်ရက်နှင့်ချိတ်ဆက်ပါ။ ပြီးနောက်ကွန်ရက်နှင့်ဆက်နွယ်သောချိန်ညှိချက်များကိုနှိပ်ပါ။







| | |
|---|---|
| **WLAN** | ကြိုးမဲ့ကွန်ရက်ခလုတ်ကိုဖွင့်ပါ(သို့)ပိတ်ပါ။ |
| **Available networks** | သင်၏ရွေးချယ်မှုအတွက်ရရှိနိုင်သောကြိုးမဲ့ကွန်ရက်ကိုပြသည်။ |
| **Other options** | * ကွန်ရက်အသစ်ပေါင်းထည့်ပါ။<br>* ဂူဂယ်လ်၏တည်နေရာတွင်ဝန်ဆောင်မှုနှင့်အခြားအက်ပ်များက ကွန်ရက်များကိုစစ်ဆေးရန်ခွင့်ပြုမပြုကိုရွေးချယ်ပါ။<br>* ကွန်ရက်ချိတ်ဆက်မှုမှတစ်ဆင့်သင်၏မိုဘိုင်းစက်ဖြင့်တီဗွီကို အသင့်အနေအထားစနစ်မှဖွင့်ရန် WOW/WOWလုပ်ဆောင်ချက်များကိုချိန်ညှိပါ။ |
| **Ethernet** | * ကြိုးကွန်ရက်၏အခြေအနေကိုပြသသည်။<br>* proxy(သို့)IPချိန်ညှိချက်များကိုညှိပါ။ |

- **ချန်နယ်(Channel) :** ချန်နယ်လိုင်းများကို အလိုအလျောက် (သို့) ကိုယ်တိုင်ရှာဖွေခြင်းနှင့်ချန်နယ်များနှင့် ဆက်စပ်သော ချိန်ညှိချက်များကို ညှိပါ။




| | |
|---|---|
| **Channel** | * ချန်နယ်လိုင်းများကို အလိုအလျောက် (သို့) သင်ကိုယ်တိုင် ရှာဖွေပါ။<br>* ချန်နယ်လိုင်းများကို ရှာဖွေရန်။<br>* အယ်လ်စီအန် (LCN) ခလုတ်ဖွင့်ရန် (သို့) ပိတ်ရန်။<br>* ချန်နယ်လိုင်းများ စာရင်းကို ရှင်းခြင်း (သို့) ဖြုတ်ခြင်း ပြုလုပ်ရန်။ |
| **Channel Installation Mode** | အင်တာနာနှင့် ကြိုး ကြားတွင်ရှိသော လေလှိုင်းဖမ်းယူမှု စနစ်ကို ရွေးချယ်ပါ။ |
| **Standby Scan** | တီဗွီအသင့်ဖွင့်ရန် အနေအထားသို့ ရောက်သောအခါ ချန်နယ်လိုင်းများကို အလိုအလျောက် ရှာဖွေရန်နိုင်ပါ။ အချို့နိုင်ငံများ အတွက်သာ ရရှိနိုင်သည်။ |
| **Parental Controls** | * တိကျသော ချန်နယ်များ၊ ပရိုဂရမ်များ (သို့) ဖြည့်သွင်းမှုများတွင် ဝင်ရောက်ခွင့် ကန့်သတ်ချက်များကို ချိန်ညှိပါ။<br>* အသုံးပြုသူ ထိန်းချုပ်ရေးစနစ်၏ လျှို့ဝှက်ကုဒ်ကို ပြောင်းရန်။ |
| **Audio Language (2nd)** | အသံဘာသာစကားကို ရွေးချယ်ပါ။ ၎င်းတို့ကို ဒီတီဗွီ စနစ်တွင် သာရနိုင်သည်။ |
| **Audio Channel** | အသံချန်နယ်လိုင်းကို ချိန်ညှိပါ။ ၎င်းကို အေတီဗွီ စနစ်တွင်သာ ရနိုင်သည်။ |
| **Open Source Licenses** | ချန်နယ်လိုင်းနှင့် ပက်သက်သော ဖြည့်သွင်းမှု လိုင်စင်များကို စစ်ဆေးပါ။ |
| **Version** | တီဗွီ၏ ဆော့ဝဲလ်ဗားရှင်းနံပါတ်ကို ပြသရန်။ |

- **အကောင့်နှင့် ဆိုင်းအင်လုပ်ခြင်း(Account & Sign in ) :** သင်၏ဂူဂဲလ် အကောင့်သို့ အက်ပလီကေးရှင်းအသစ်များ၊ အကြံပြုချက်များ၊ ရုပ်ရှင်များနှင့် ဂူဂဲလ်မှ ပိုမိုသော အရာများအတွက် ဆိုင်းအင်ပြုလုပ်ပါ။




- **အက်ပ် (Apps )** မကြာသေးမီက ဖွင့်ထားသည့် (သို့) ထည့်သွင်းထားပြီးဖြစ်သော အက်ပလီကေးရှင်းများ နည်းစနစ်သုံး အက်ပလီကေးရှင်းများ (သို့) သီးသန့်အက်ပလီကေးရှင်းများ၏ခွင့်ပြုချက် ချိန်ညှိခြင်းများ စာရင်းကို ပြရန်။







| | |
|---|---|
| **Recently opened apps** | မကြာသေးမီက ဖွင့်ခဲ့သော အက်ပလီကေးရှင်းများ၏ စာရင်းကို ပြသရန်။ |
| **See all apps** | * ထည့်သွင်းထားသည့် အက်ပလီကေးရှင်းများ၏ စာရင်း ပြသရန်။<br>* နည်းစနစ်သုံး အက်ပလီကေးရှင်းများ၏ စာရင်းကို ပြရန်။ |
| **Permissions** | * သီးသန့်လုပ်ဆောင်ချက်များကို အသုံးပြုရန်အတွက် အက်ပလီကေးရှင်း၏ ခွင့်ပြုချက်များကို ချိန်ညှိရန်။<br>* အက်ပလီကေးရှင်းများကို အကောင်းဆုံးအသုံးပြုရန် အထူးအက်ပလီကေးရှင်း ချိန်ညှိခြင်းကို သတ်မှတ်ရန်။ |

- **စက်ပစ္စည်း၏ဦးစားပေးအစုများ(Device preferrednces) :**
  အခြေခံအချက်အလက်များကိုပြသရန်၊ ပြီးနောက်၎င်းတီဗွီစက်၏စနစ်နှင့် လုပ်ဆောင်မှုအင်္ဂါရပ်များနှင့် ပတ်သက်သော ချိန်ညှိချက်များကိုညှိပါ။










| | |
|---|---|
| **About** | * စနစ်မွမ်းမံမှု အတွက် စစ်ဆေးရန်။<br>* စက်ပစ္စည်း၊ ဆော့ဝဲလ် (သို့) တရားဝင် အချက်အလက်များ။<br>* ကွန်ရက် (သို့) ဘလူးတုဆက်သွယ်မှု အခြေအနေ (သို့) အချက်အလက်များ။ |
| **Date & Time** | * တီဗွီရက်စွဲနှင့် အချိန်ကို အလိုအလျောက် (သို့) ကိုယ်တိုင်ချိန်ညှိရန်။<br>* အချိန်ဇုန်ကို ချိန်ညှိရန်။<br>* နာရီပုံစံအမျိုးအစားကို ချိန်ညှိရန်။ |
| **Timer** | တီဗွီကို အလိုအလျောက်ဖွင့်ရန် (သို့) ပိတ်ရန် အချိန်ပေးခြင်းနှင့် တကျော့ပြန် စနစ်ကို ချိန်ညှိပါ။ |
| **Language** | မီနူးဘာသာစကားကို ရွေးချယ်ပါ။ |
| **Keyboard** | တီဗွီကီးဘုတ်ကို ရွေးချယ်ပါ။ချိန်ညှိပါ (သို့) စီမံပါ။ |
| **Inputs** | * တပ်ဆင်ခြင်း၊ ဖြုတ်ခြင်း (သို့) အသင့် အနေအထားရှိသော လာရောက်ချိတ်ဆက်နိုင်သည့် အပေါက်များကို ချိန်ညှိပါ။<br>* တပ်ဆင်ထားသော အိတ်ချ်ဒီအမ်အိုင်(HDMI)စက်ကိရိယာများကို ထိန်းချုပ်ရန် ချိန်ညှိခြင်း။ |
| **Power** | တီဗွီကို အလိုအလျောက် ပိတ်ထားရန်(သို့) ရုပ်ပုံတစ်ခုတည်းကိုသာ ပိတ်ထားရန်အတွက် မတူညီသော အချိန်များကို ချိန်ညှိပါ။ |

| | |
|---|---|
| **Picture** | * တီဗွီတွင် ပြသရာတွင် အကောင်းဆုံး ရုပ်ပုံ အရည်အသွေးရရှိရန်အခြေခံ (သို့) အဆင့်မြင့် ရုပ်ပုံချိန်ညှိချက်များကို ညှိပါ။<br>* ရုပ်ပုံချိန်ညှိချက်များအားလုံးကို စက်ရုံမှ မူလ ပုံစံအတိုင်း ပြန်လည်ချိန်ညှိရန်။ |
| **Sound** | * တီဗွီမှ အကောင်းဆုံး အသံအရည်အသွေးရရှိရန် အခြေခံ (သို့) အဆင့်မြင့် အသံချိန်ညှိ ချက်များကို ညှိပါ။<br>* အသံချိန်ညှိချက်များအားလုံးကို စက်ရုံမှ မူလပုံစံအတိုင်း ပြန်လည်ချိန်ညှိရန်။ |
| **Storage** | * မျှဝေထားသော စက်ပစ္စည်း သိုလှောင်မှု ပြရန်။<br>* မျှဝေထားသော ဖယ်ရှား၍ရသည့် သိုလှောင်မှုကို ပြရန် (သို့) ၎င်းကို စက်ပစ္စည်း သိုလှောင်မှုကဲ့သို့ အကုန်ဖျက်၍ ဖောမတ်(Format) လုပ်ရန်။ |
| **Home screen** | * ပင်မစာမျက်နှာပေါ်မှ ချန်နယ်လိုင်းများကို စိတ်ကြိုက်ပြုလုပ်ရန်။<br>* ဗွီဒီယို (သို့) အသံကြိုး တွင်ကြည့်ရှုစစ်ဆေးခြင်းကို ဖွင့်ရန်။<br>* အက်ပလီကေးရှင်းများ (သို့) ဂိမ်းများကို ပြန်စီရန်။<br>* အန်းဒရွိုက်တီဗွီ၏ အဓိက ဝန်ဆောင်မှုများနှင့် အိမ်မှ တဆင့် ပြင်ဆင်မွမ်းမံနိုင်သော လိုင်စင်ကို စစ်ဆေးရန်။ |
| **Shop mode** | * ဆိုင်တွင်အသုံးပြုရန် ပုံစံနှင့် စာတိုပေးပို့ခြင်း အမျိုးအစား ကို ချိန်ညှိရန်။ |
| **Google Assistant** | * သင်၏ ဂူဂဲလ်အကောင့်ကို စီမံပါ။<br>* မြင်ကွင်းခွင့်ပြုချက်များ၊ ရှာဖွေမှုရလဒ်များနှင့် အက်ပလီကေးရှင်းများ၏ စိတ်ချရသော ရှာဖွေရေး စီစစ်ခြင်းများ ကို ချိန်ညှိရန်။<br>* ရိုင်းပြစော်ကားသော စကားလုံးများကို ပိတ်ရန်။<br>* ဂူဂဲလ်၏ပြင်ဆင်မွမ်းမံနိုင်သော လိုင်စင်ကို စစ်ဆေးရန်။ |
| **Chromecast built-in** | * Chromecast တွင်ပါဝင်သည့် ပြင်ဆင်မွမ်းမံနိုင်သောလိုင်စင်ကို စစ်ဆေးရန်။<br>* Chromecast တွင်ပါဝင်သော ဗားရှင်းနံပါတ်ကို ကြည့်ရှုရန်။ |
| **Screen saver** | * ကွန်ပျူတာလှုပ်ရှားမှု မရှိသည့်အခါတွင် ဖန်ပြင်ပေါ်၌ ပေါ်ခြင်းအမျိုးအစားနှင့် ကြာချိန်ကို သတ်မှတ်ရန်။<br>* ကွန်ပျူတာလှုပ်ရှားမှု မရှိသည့်အခါတွင် ဖန်ပြင်ပေါ်၌ ပေါ်ခြင်းစနစ်တွင် အချိန်ပြုပြင်သတ်မှတ်ပြီးနောက် တီဗွီကို အလိုအလျောက် ပိတ်ရန် အချိန်သတ်မှတ်ချိန်ညှိပါ။ |
| **Location** | * ကွန်ရက်ပေါ်မှ တီဗွီ၏ တည်နေရာကို ခန့်မှန်းခွင့်ပြုမပြု ရွေးချယ်ရန်။<br>* အက်ပလီကေးရှင်းများမှ မကြာသေးမီက တည်နေရာတောင်းဆိုမှုများကို စစ်ဆေးပါ။ |
| **Usage & Diagnostics** | အန်းဒရွိုက်တီဗွီ၏ အစီအစဉ်များကို တိုးတက်စေရန် ကူညီပေးသည့်ဂူဂဲလ်အတွက် အဖြေရှာရန် အချက်အလက်များကို အလိုအလျောက်ပို့မည်(သို့) မပို့ရန် ရွေးချယ်ပါ။ |
| **Security & restrictions** | ဂူဂဲလ်ပလေးစတိုး(Google Play Store)မှလွဲ၍ အခြားသော အရင်းအမြစ်များမှ ဒေါင်းလုပ်လုပ်ထားသောအန္တရာယ်ပေးနိုင်သည့် အက်ပလီကေးရှင်းများထည့်သွင်းခြင်းကို တားမြစ်ခြင်း (သို့)သတိပေးခြင်းကို ချိန်ညှိရန်။ |
| **Accessibility** | မျက်မမြင် (သို့) အမြင်အာရုံချို့တဲ့သူများ၊ နားမကြားသူ (သို့) အကြားအာရုံချို့တဲ့သူများနှင့် တီဗွီအကြောင်းကို သိရှိနားလည်ခြင်း မရှိသေးသည့် အခြားကြည့်ရှုသောသူများ အတွက် နားလည်ရန် လွယ်ကူသည့် အချက်အလက်များကို ချိန်ညှိပေးရန်။ |
| **Reset** | * အသုံးပြုသူချိန်ညှိချက်များ အားလုံးကို စက်ရုံမှ မူလချိန်ညှိချက်များ အတိုင်း ပြန်ထားရန်။<br>* ကနဦး ချိန်ညှိချက်များ ပြန်လည်သတ်မှတ်ရန်။ |

- **အဝေးထိန်းခြင်းနှင့် အခြားဆက်စပ်ပစ္စည်းများ(Remote & Accessories)**
  ဘလူးတု၏ အဝေးထိန်း ထိန်းချုပ်ခြင်း (သို့) အခြားဘလူးတု စက်ပစ္စည်းများ ရှာဖွေ၍ ချိတ်ဆက်ရန်။

**မှတ်ချက် :** ဘလူးတု ရှာဖွေခြင်း မပြုမီ ကျေးဇူးပြု၍ သင်၏ တွဲဖက်မှု စနစ်တွင် ပြင်ပ ဘလူးတုကိရိယာများကို ဖွင့်ထားကြောင်း သေချာပါစေ။ အဝေးထိန်းချုပ်ခြင်းအတွက် တွဲဖက်စနစ်ကို ဖွင့်ထားကြောင်းသေချာပါစေ။ အဝေးထိန်းချုပ်ခြင်းအတွက် တွဲဖက်စနစ်ကို ဖွင့်ရန် "◀ နှင့် **Home**" ခလုတ်များကို အတူတကွ နှိပ်နိုင်သည်။
အခြားဘလူးတုစက်ကိရိယာများအတွက် တွဲဖက်မှု စနစ်ကို ဖွင့်ရန် ၎င်းတို့၏ ကိုယ်ပိုင်လမ်းညွှန်မှု လက်စွဲစာအုပ်ကို ဖတ်ပါ။

# အခန်း ၃ : အင်တာနက်နှင့် ချိတ်ဆက်၍ အသုံးပြုနိုင်သော လုပ်ဆောင်ချက်များ

## ပင်မစာမျက်နှာ

အောက်ပါလုပ်ဆောင်ချက်များကို ရရှိရန် ပင်မစာမျက်နှာသို့ဝင်ရန် ကျေးဇူးပြု၍ **Home** ခလုတ်ကိုနှိပ်ပါ။




မှတ်ချက် ။ ဤပုံသည် ကိုးကားရန် အတွက်သာ ဖြစ်သည်။

၁. **ဂူဂဲလ်လက်ထောက် (Google Assistant) :** ဂူဂဲလ်လက်ထောက်နှင့် ဆက်သွယ်ရန်နှိပ်ပါ။ ၎င်းသည် ဘလူးတုအဝေးထိန်းချုပ်မှု ထောက်ပံ့ပေးသော တီဗွီအတွက်သာ ရရှိနိုင်သည်။

၂. **စာသားရှာဖွေခြင်း (Text Searching) :** စာသားကိုရိုက်နှိပ်ခြင်းဖြင့် စတင်ရှာဖွေပါ။

၃. **အသိပေးချက်များ (Notification) :** အချက်အလက်များ သိမ်းဆည်းသောစာတိုပြားတွင် နေရာအလွတ်နည်းခြင်း၊ ဂူဂဲလ်သို့ဝင်ရောက်ခြင်း (သို့) အကောင့်မှားယွင်းများ၊ ကွန်ရက်ဆက်သွယ်မှုပြဿနာများ စသဖြင့် စနစ်အတွက် အရေးကြီးသည့် သတင်းအချက်အလက်များကို သင့်အား သတိပေးသည်။

၄. **လာရောက်ချိတ်ဆက်နိုင်သောအပေါက်များ (Inputs) :** လာရောက်ချိတ်ဆက်နိုင်သော အချက်အလက်အရင်းအမြစ်များကို ရွေးချယ်ပါ။

၅. **ကွန်ရက်အခြေအနေ (Network Status) :** တီဗွီ၏ဆက်သွယ်မှု ကွန်ရက်အခြေအနေကို ပြသသည်။

၆. **ချိန်ညှိချက်များ (Settings) :** အဓိကမီနူးချိန်ညှိချက်များသို့ ဝင်ရောက်ရန်။

၇. **အက်ပ် (Apps) :** ကြိုက်နှစ်သက်သော အက်ပလီကေးရှင်းစာရင်းများကိုပြသည့် (သို့) အက်ပလီကေးရှင်းစင်တာသို့ဝင်သည်။

၈. **နောက်တစ်ခုဖွင့်ရန် (Play Next) :** သင်ကြည့်နေသော ပရိုဂရမ် (သို့) သင်စောင့်ကြည့်နေမည့် ပရိုဂရမ်ကိုပြသည်။ OKခလုတ်ကိုနှိပ်ပြီး နောက်တစ်ခုဖွင့်ရန် ပေါင်းထည့်ခြင်း (Add to Play Next)ကို ရွေးချယ်ခြင်းဖြင့် သင်လိုအပ်သော ပရိုဂရမ်ကို ပေါင်းထည့်နိုင်သည်။

၉. **ခေတ်စားခြင်း (Trending) :** ယူကျု (Youtube)မှ ခေတ်စားနေသော အကြောင်းအရာများ၏ စာရင်းကိုပြသသည်။

၁၀. **နက်ဖလစ် (Netflix) :** နက်ဖလစ်မှ အကြံပြုထားသော အကြောင်းအရာများကို ပြသသည်။

၁၁. **အကြောင်းအရာများ (Featured) :** "Google Play Movies & TV" မှ အကြောင်းအရာ မာတိကာများ၏ စာရင်းကိုပြသည်။

၁၂. **လိုင်းများစိတ်ကြိုက်ပြုလုပ်ခြင်း (Customize Channels) :** သင်ကြိုက်နှစ်သက်၍ ရွေးချယ်ထားသော ချန်နယ်လိုင်းများကို ပေါင်းထည့်ပါ (သို့) ဖယ်ရှားပါ။

**မှတ်ချက် :**

(၁) ပင်မစာမျက်နှာ (Home Page) ၏ လုပ်ဆောင်ချက်များနှင့် ပါဝင်မှုများသည် မတူညီနိုင်သော နိုင်ငံများ (သို့) မော်ဒယ်များတွင် ကွဲပြားမှုများ ရှိနိုင်သည်။

(၂) ကွန်ရက်အက်ပလီကေးရှင်းများနှင့် ၎င်းကဲ့သို့သော အရာများ ပင်မစာမျက်နှာတွင် ကွန်ရက်လုပ်ဆောင်မှုများ အသုံးမပြုမီ ကျေးဇူးပြု၍ တီဗွီကို ကွန်ရက်နှင့် ဦးစွာ ချိတ်ဆက်ပါ။

(၃) ပရိုဂရမ်သင်္ကေတ မှုပိုင်ခွင့်ကို အက်ပလီကေးရှင်း ထောက်ပံ့သူမှ ပိုင်ဆိုင်သည်။

## Googlel Assistant

■ Google Assistant ဆိုသည်မှာ သင်၏ Android TV တွင် ရရှိနိုင်ပြီး သင်သိချင်သည့် အရာများကို မေးမြန်းနိုင်ပြီး Google ၏ လက်ထောက်ဟူ၍ ပြောလို့ရသည့် Google မှပါဝင်သော လုပ်ဆောင်ချက်စနစ်တစ်ခု ဖြစ်ပါသည်။ ပထမဆုံး ရီမုရှိ **MIC** ခလုတ်ကိုနှိပ်ပါ။ ထို့နောက် သင်၏အသံပါဝါကို အသုံးပြု၍ သင်သိချင်သော၊ မေးမြန်းလိုသည့် အကြောင်းအရင်းများကို မေးမြန်း၍ အလွယ်တကူ လျင်မြန်စွာ သိရှိနိုင်ပါသည်။

သင့်အနေဖြင့် ခက်ခက်ခဲခဲ စာရိုက်၍ ရှာစရာ၊ မေးမြန်းစရာ မလိုအပ်တော့ဘဲ သင်သိချင်သည့် အကြောင်းအရာများကို သင်၏အသံဖြင့် ပြောလိုက်ရုံပါပဲ။










■ အကယ်၍ Google Assistant ၏ သင့်အတွက် လုပ်ပေးနိုင်သည့် လုပ်ဆောင်ချက်များကို တိတိကျကျ သိရှိလိုပါက Google Assistant ကို "What can you do" ဟူ၍ မေးလိုက်ပါ။ ထိုသို့မေးလိုက်သည်နှင့် သင့်အတွက် လုပ်ပေးနိုင်သည့် လုပ်ဆောင်ချက်အမျိုးအစားများကို တီဗွီဖန်သားပြင်ပေါ်တွင် ပြသပေးပါလိမ့်မည်။




■ Google Assistantကိုအသုံးမပြုမီ သင်၏တီဗွီနှင့်အင်တာနက် ချိတ်ဆက်ထားကြောင်း၊ ဘလူးတုရီမုဒ်နှင့်သင်၏တီဗွီအောင်မြင်စွာ ချိတ်ဆက်ထားပြီးကြောင်းနှင့် Google Account ထဲသို့သင်၏အီးမေးလ်ဖြင့် sign in ဝင်ထားခြင်းရှိမရှိတို့ကိုသေချာစွာစစ်ဆေးပါ။ထိုအရာများကိုသေချာစွာစစ်ဆေးပြီးမှသာGoogle Assistantကိုအသုံးပြုပါ။

**မှတ်ချက် :**

၁) ဤပုံသည် ကိုးကားရန်အတွက်သာဖြစ်သည်။

၂) Google Assistantတွင်ဘာသာစကားအချို့သာ အသုံးပြု၍ရပါသေးသည်။တီဗွီနှင့်ဘလူးတုရီမုဒ်တို့အောင်မြင်စွာချိတ်ဆက်ပြီးမှသာGoogle Assistant ကိုအသုံးပြုပါ။

## ဂူဂဲလ်ပလေးစတိုး( Google Play )




**■ ဂူဂဲလ်ပလေးစတိုး(Google Play Store)**

“ဂူဂဲလ်ပလေးစတိုး”သည် တရားဝင်အက်ပလီကေးရှင်းဈေးကွက်ဖြစ်ပြီး ဂူဂဲလ်မှထုတ်လုပ်သည်။ သင်လိုအပ်သောအခမဲ့(သို့)ငွေပေးချေရသောအက်ပလီကေးရှင်းကိုသင်ရှာဖွေပြီး ဒေါင်းလုပ်နိုင်သည်။ အောက်ဖော်ပြပါအချက်များသည်အင်တာနက်မှအချက်အလက်များကိုရှာဖွေပေးသည့်အက်ပလီကေးရှင်းတစ်ခုကိုရှာဖွေပြီး ဒေါင်းလုပ်ပြုလုပ်ရန် ရည်ညွှန်းချက်သာဖြစ်ပါသည်။

(၁) အက်ပလီကေးရှင်းဈေးကွက်သို့ဝင်ရောက်ရန်(**Home**→Apps→Google Play Store)ကိုရွေးပါ။

(၂) “Web Browser”ဟုရှာဖွေပြီး လိုအပ်သောအင်တာနက်မှအချက်များကိုရှာဖွေပေးသည့်အက်ပလီကေးရှင်းကိုဒေါင်းလုပ်ပြုလုပ်နိုင်သည်။

(၃) သင်၏တီဗွီတွင်ထည့်သွင်းပါ။ ပြီးနောက်အက်ပလီကေးရှင်းစင်တာတွင်၎င်း၏ပရိုဂရမ်သင်္ကေတပေါ်လာလိမ့်မည်။

(၄) ပင်မစာမျက်နှာတွင်“Apps”ကိုနှိပ်၍အက်ပလီကေးရှင်းစင်တာသို့ဝင်ရောက်နိုင်သည်။

(၅) ထည့်သွင်းထားသောအင်တာနက်ပေါ်မှအချက်အလက်များရှာဖွေပေးသည့်အက်ပလီကေးရှင်းကိုရွေးချယ်ပြီး OK ခလုတ်ကိုကြာရှည်စွာ နှိပ်ခြင်းဖြင့်အက်ပလီကေးရှင်းစီမံခန့်ခွဲမှုမီနူးသို့ဝင်ရောက်နိုင်ပါသည်။

(၆) ပင်မစာမျက်နှာရှိအကြိုက်ဆုံးသောအက်ပလီကေးရှင်းများစာရင်းထဲသို့ “အင်တာနက်ပေါ်မှအချက်အလက်များရှာဖွေပေးသောအက်ပလီကေးရှင်းကိုထည့်ရန် “Add to Favorites”ကိုရွေးချယ်ပါ။

**■ ဂူဂဲလ်ဂီတဗွင့်(Google Play Music)**

“Google Play Music”သည်ဂီတအွန်လိုင်းစင်တာတစ်ခုဖြစ်သည်။ ၎င်းနေရာတွင်အခမဲ့(သို့)အခကြေးငွေပေးရသောဂီတကိုသင်ကြိုက်နှစ်သက်သမျှရှာဖွေနားထောင်နိုင်သည်။

**■ ဂူဂဲလ်ပလေးဂိမ်း(Google Play Games)**

“Google Play Games”သည်ဂိမ်းအက်ပလီကေးရှင်းစင်တာတစ်ခုဖြစ်သည်။ ၎င်းနေရာတွင်အခမဲ့(သို့)အခကြေးငွေပေးရသောဂိမ်းအက်ပလီကေးရှင်းများကို သင်ကြိုက်နှစ်သက်သမျှရှာဖွေဒေါင်းလုပ်နိုင်သည်။

**■ ဂူဂဲလ်ပလေးရုပ်ရှင်နှင့်တီဗွီ(Google Play Movies & TV )**

“Google Play Movies&TV”သည်သင်ဝယ်ယူခြင်း(သို့)ငှားရမ်းခြင်းအတွက်ရရှိနိုင်သောရုပ်ရှင်များနှင့်ရုပ်မြင်သံကြားအစီအစဉ်များထောက်ပံ့မှုပေးသည့်ဝန်ဆောင်မှုစင်တာတစ်ခုဖြစ်သည်။

**မှတ်ချက် :**

- ရုပ်ပုံသည်ကိုးကားရန်အတွက်သာဖြစ်သည်။
- “Google Play”၏လုပ်ဆောင်ချက်များနှင့်အကြောင်းအရာများသည်မတူညီသောနိုင်ငံများနှင့်မော်ဒယ်များအလိုက်ကွဲပြားမှုရှိနိုင်သည်။ “ပလေးစတိုးနှင့်အက်ပလီကေးရှင်း”များကိုဂူဂဲလ်မှထိန်းချုပ်ထားပြီး ဒေသအတွင်း၌ရရှိနိုင်သည်။
- “Google Play”၏လုပ်ဆောင်ချက်များကိုအသုံးပြုရန်သင်၏တီဗွီကိုကွန်ရက်ဖြင့်ချိတ်ဆက်ထားရမည်။ပြီးနောက် သင်၏ဂူဂဲလ်အကောင့်သို့ဆိုင်းအင်ဝင်ထားရမည်။
- အကြောင်းအရာကိုပံ့ပိုးသူများ၏အခြေအနေများအရအက်ပလီကေးရှင်းတစ်ခုအသစ်ပြောင်းခြင်း(သို့)အက်ပလီကေးရှင်းကိုကိုယ်တိုင်ရပ်ဆိုင်းခြင်းဖြစ်နိုင်သည်။
- အက်ပလီကေးရှင်းတွင်ပါဝင်သည့်အရာများပြောင်းလဲခြင်းကိုဝန်ဆောင်မှုပေးသူမှကြိုတင်အသိပေးခြင်းမရှိဘဲပြုလုပ်နိုင်သည်။
- တတိယပါတီအက်ပလီကေးရှင်းများ၏ထည့်သွင်းမှုကြောင့်ဖြစ်ပေါ်လာသောချို့ယွင်းမှုများထုတ်လုပ်သူသည်မည်သည့်တိုင်ကြားချက်အတွက်မျှအာမခံ(သို့)တာဝန်ယူမှုမရှိပါ။

## ခရုမ်းကာတ်စ်ပါဝင်မှု(Chromecast built-in)




**■ (Chromecast Buit-in)၏အဓိပ္ပါယ်ဖွင့်ဆိုချက်**

“Chrome Buit-In”သည်ဂူဂဲလ်မှတီထွင်ထားသောနည်းပညာဖြစ်ပြီး မိုဘိုင်းစက်(သို့)ကိုယ်ပိုင်ကွန်ပျူတာအား တီဗွီမှအင်တာနက်လွှင့်သည့်အသံ/ဗီဒီယိုအကြောင်းအရာများကိုဖြန့်ဖွင့်ရန်နှင့်ထိန်းချုပ်ရန်ခွင့်ပြုသည်။

**■ သင်၏အမှတ်တရပုံရိပ်များကိုမည်သည့်နည်းဖြင့်မျှဝေမည်နည်း**

သင်၏အမှတ်တရများကိုမျှဝေရန်“Chrome Buit-In”သည်နည်းလမ်းနှစ်ခုပေးထားပါသည်။

ပထမတွင်“Chrome Buit-In”နည်းပညာကိုထောက်ပံ့သောမိုဘိုင်းစက်နှင့်ဝက်ဘ်အက်ပလီကေးရှင်းများကိုအသုံးပြုသည်။

ဒုတိယတစ်မျိုးတွင် အင်တာနက်မှ အချက်အလက်များ ရှာဖွေနိုင်သော ဆော့ဝဲလ် (Cast အင်တာနက်မှ နောက်ဆက်တွဲလိပ်စာပါဝင်သော) ("Google Chrome" မှ သင်၏ကိုယ်ပိုင်ကွန်ပျူတာပေါ်ရှိ အကြောင်းအရာများကို ထင်ဟပ်ပြသခွင့်ပြုသည်။ အခြေအနေနှစ်ရပ်စလုံးတွင် ပြန်လည်ဖွင့်ခြင်းကို ပေးပို့သူ၏စက်ပေါ်ရှိ " " Cast အိုင်ကွန်မှ အစပြုသည်။

■ မျက်နှာပြင် / အသံကို မျှဝေခြင်း (Cast Screen/Audio (ဂူဂဲလ်အိမ်ကဲ့သို့)

သင့်မိုဘိုင်းစက်၏ မျက်နှာပြင်နှင့် အသံကို တီဗွီထဲသို့ မျှဝေပါ။

**အဆင့် ၁ :** သင့်ဖုန်းနှင့် တီဗွီကို တူညီသော ကြိုးမဲ့ကွန်ရက်သို့ အောင်မြင်စွာ ချိတ်ဆက်ပါ။

**အဆင့် ၂ :** သင်၏ဖုန်းမှ "Home" အက်ပလီကေးရှင်းကို ရွေးချယ်ပြီးဝင်ပါ။ ပြီးနောက် အကောင့်စာမျက်နှာသို့ဝင်ရန် " " ကိုနှိပ်ပါ။





**အဆင့် ၃ :** "Mirror device" ကို ရွေးချယ်၍ဝင်ပါ။ ပြီးနောက် သင်၏ဖုန်းနှင့် တီဗွီကို ချိတ်ဆက်ရန်အတွက် တီဗွီ အမည်ကို ရွေးပါ။






**အဆင့် ၄ :** သင်၏ဖုန်းမျက်နှာပြင်ပေါ်ရှိ ပါဝင်သည့်အရာများကို တီဗွီ၏ ကြီးမားသော မျက်နှာပြင်ပေါ်သို့ ပြီးမြောက်အောင် မျှဝေလိုက်ပြီ ဖြစ်ပါသည်။ မျှဝေခြင်းကို ရပ်တန့်လိုပါက "DISCONNECT" ကို နှိပ်နိုင်သည်။




■ တိုက်ရိုက်ထုတ်လွှင့်မှုနှင့် ဗီဒီယိုများကို မျှဝေခြင်း (Cast Live Streams and Vesios ) (ယူကျူ့ကဲ့သို့)

**အဆင့် ၁ :** သင့်ဖုန်းနှင့် တီဗွီကို တူညီသော ကြိုးမဲ့ကွန်ရက်သို့ အောင်မြင်စွာ ချိတ်ဆက်ပါ။

**အဆင့် ၂ :** သင်၏ဖုန်းမှ "You Tube" အက်ပလီကေးရှင်းကို ရွေးချယ်၍ဝင်ပါ။



**အဆင့် ၃ :** သင်ကြိုက်နှစ်သက်သော အကြောင်းအရာများကို ရွေးချယ်ပါ။ ပြီးနောက် အကြောင်းအရာများကို သင်၏ဖုန်းအစား တီဗွီဖြင့် ဖွင့်ရန်အတွက် အကြောင်းအရာများ၏ ဝက်ဘ်ဆိုဒ်ကို တီဗွီသို့ ပေးပို့ရန် Cast " " ကိုနှိပ်ပါ။ Cast အိုင်ကွန် " " ကို နှိပ်၍လည်း ပြသနေခြင်းကို ရပ်တန့်နိုင်သည်။




အောက်ပါခလုတ်များသည် ဗီဒီယိုများကြည့်ရှုနေစဉ်အတွင်း သင်အသုံးပြုနိုင်သော အဝေးထိန်းခလုတ်များ ဖြစ်သည်။

| | |
|---|---|
| ▶ / ⏸ | ပြသသည် / ခေတ္တရပ်တန့်သည်။ |
| ◀◀ / ▶▶ | အနောက်သို့ကျော်ခြင်း / အရှေ့သို့ကျော်ခြင်း |
| ■ | ဗီဒီယိုအား ရပ်တန့်ရန် |

**မှတ်ချက် :**

အပေါ်မှ ယူကျူ့မျှဝေခြင်း အချက်အလက်များအတွက် စမတ်ဖုန်းနှင့် တီဗွီ နှစ်ခုစလုံးကို တူညီသော ကွန်ရက်ဖြင့် ချိတ်ဆက်ထားသင့်သည်။

## အန်းအ္ဂိုက်အသုံးပြုခြင်းနှင့် မသက်ဆိုင်ကြောင်း ဖြေရှင်းချက်

ကွန်ရက်အက်ပလီကေးရှင်းအကြောင်းအရာများနှင့် ဝန်ဆောင်မှုများကို ကွန်ရက်အက်ပလီကေးရှင်းထောက်ပံ့သူများက ကွန်ရက်များနှင့် တစ်ဆင့်ပို့ပေးသည့် ပစ္စည်းများဖြင့် ထိန်းချုပ်ပြီး ၎င်းတို့အား အပြောင်းအလဲ တချို့ပြုလုပ်ရန် ရပ်ဆိုင်းခြင်း၊ ဖယ်ရှားခြင်း၊ အဆုံးသတ်ခြင်း (သို့) ပြတ်တောက်ခြင်း၊ မှားယွင်းသော ဝင်ရောက်ခြင်း တို့ကို မည်သည့် အချိန်တွင် မဆို ထပ်မံအသိပေးခြင်း မရှိဘဲ ထုတ်လုပ်သူသည် အထက်ဖော်ပြပါ ပြောင်းလဲမှုကို ထိန်းချုပ်ခြင်း (သို့) အကြောင်းကြား သတိပေးခြင်း မပြုလုပ်နိုင်ပါ။ အသုံးပြုသူမှ ကွန်ရက် အက်ပလီကေးရှင်း အကြောင်းအရာများနှင့် ဝန်ဆောင်မှုများ အသုံးပြုရန် ပျက်ကွက်မှုကြောင့် ဖြစ်ပေါ်လာသည့် ပြဿနာများ၏ တာဝန်ယူမှုများကို ထုတ်လုပ်သူမှ မသက်ဆိုင်ကြောင်းထပ်မံ၍ ထုတ်ပြန်ထားသည်။ ၎င်းတို့တွင် အကန့်အသတ် မရှိသော ပါဝင်မှုများ၊ ကွန်ရက်ချိတ်ဆက်ခြင်း ပြတ်တောက်မှုများ၊ ဆက်သွယ်ရေးလမ်းကြောင်းများပျက်ခြင်း၊ နည်းပညာအရ အဆင့်မြှင့်တင်ခြင်း (သို့) ကွန်ရက်အက်ပလီကေးရှင်း ထောက်ပံ့သူများမှ ပြောင်းလဲခြင်း တစ်စုံတစ်ရာ ပြုလုပ်ရန် ရပ်ဆိုင်းထားခြင်း၊ ဖြတ်တောက်ခြင်း၊ အဆုံးသတ်ခြင်း၊ ပိတ်ထားခြင်း (သို့) ဖယ်ရှားခြင်း စသည်တို့ ပါဝင်သည်။

**မှတ်ချက် :**

- အချို့သောUSBသိုလှောင်စက်များသည် ဤတီဗွီနှင့် ချောချောမွေ့မွေ့လည်ပတ်နိုင်မည် မဟုတ်ပါ။
- မထင်မှတ်သော မတော်တဆမှု တစ်ခုခုကြောင့် USB သိုလှောင်သည့် စက်ရှိ အချက်အလက်များ ဆုံးရှုံးမှု ဖြစ်ပေါ်ခြင်းအတွက် USB သိုလှောင်စက်ရှိ အချက်အလက်များအားလုံးကို အရန် ကူးထားပါ။
- သင့်အနေဖြင့် မှားယွင်းစွာ အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာမည့် ဆုံးရှုံးပျက်စီးမှုများကို ကျွန်ုပ်တို့ဘက်မှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။ဒေတာများကိုဆယ်ယူသိမ်းဆည်းထားရှိဖို့ရန်သည် ဝယ်ယူသုံးစွဲသူ၏ တာဝန်သာ ဖြစ်ပါသည်။
- အရွယ်အစားကြီးမားသော ဖိုင်များအတွက် လုပ်ဆောင်နှုန်းသည် အနည်းငယ် ပိုကြာသည်။
- USB သိုလှောင်စက်ရှိ အသိအမှတ်ပြု အမြန်နှုန်းသည် စက်တစ်ခုချင်းစီပေါ်တွင် မူတည်သည်။
- USBသိုလှောင်စက်ကို တပ်ဆင်သည့်အခါ (သို့) ဖြုတ်သည့်အခါ တီဗွီသည် USB အသုံးစနစ်တွင် မရှိကြောင်း သေချာပါစေ၊ သို့မဟုတ်ပါက USB သိုလှောင်စက် (သို့) ၎င်းထဲတွင် သိမ်းဆည်းထားသော ဖိုင်များ ပျက်စီးနိုင်သည်။
- ကျေးဇူးပြုပြီး ကွန်ပျူတာတွင် အလုပ်လုပ်ပေးသော စနစ်မှ ထောက်ပံ့ပေးသောFAT16,FAT32,NTFS စသည့်ဖိုင်များ ဖြင့် ဖောမတ်( Format)လုပ်ထားသည့်USBသိုလှောင်စက်ကိုသာ အသုံးပြုပါ။ ကွန်ပျူတာစနစ်ဖြင့် ထောက်ပံ့မှု မပေးနိုင်သည့် အခြား ပရိုဂရမ်တစ်ခုဖြင့် ဖောမတ်( Format) လုပ်ထားသော သိုလှောင်စက်ပစ္စည်းများ ဖြစ်ပါက ၎င်းကို အသိအမှတ်ပြုမည် မဟုတ်ပေ။
- လျှပ်စစ်ပါဝါအရင်းအမြစ်လိုအပ်သည့် USB Hard Disk Drive (USBသိုလှောင်စက်) ကို အသုံးပြုပါက တီဗွီရှိ USB အပေါက်မှ ထောက်ပံ့ပေးသော စွမ်းအားထက်ကျော်လွန်သောUSB သိုလှောင်စက် ကို အသုံးမပြုပါနှင့်။အကယ်၍ USBHard Disk Drive (USBသိုလှောင်စက်)စွမ်းအင်သည် သတ်မှတ်ထားသော လျှပ်စစ်အားထက်ကျော်လွန်ပါက တီဗွီစနစ်သည် အသင့်ဖွင့်ရန်အနေအထားသို့ ပြောင်းသွားမည် ဖြစ်သည်။ ပြီးနောက် သင်သည်USB Hard Disk Drive (USBသိုလှောင်စက်) ကို ဆွဲဖြုတ်ပြီး တီဗွီစနစ်ကို အစမှ ပြန်လည်၍ စတင်ရမည်။
- ဖိုင်ပုံစံကို ထောက်ပံ့မှု မပေးနိုင်ပါ (သို့) ဖိုင်ပျက်နေပါက “မထောက်ပံ့ပေးသောဖိုင် (Unsupported File)” ဟု စာတိုတစ်ခုကို ပြလိမ့်မည်။
- အက်ဖ်အိတ်ဒီ FHD ကြီးမားသော ရုပ်ပုံသည် လုပ်ငန်းလုပ်ဆောင်ရန် အချိန်ကြာမြင့်စွာ လိုအပ်သည်။၎င်းသည် တီဗွီကြောင့်မဟုတ်ပါ။ ကျေးဇူးပြု၍ စိတ်ရှည်စွာ စောင့်ဆိုင်းပါ။
- အတွင်းရှိကုဒ်များ ပြောင်းလဲခြင်း (သို့) အခြားနည်းပညာတိုးတက်မှုများကဲ့သို့ အချို့စွယ်စုံသုံး မီဒီယာဖိုင်များပြောင်းလဲခြင်းနှင့် အဆင့်မြှင့်တင်ခြင်းများကို ဤတီဗွီမှ ထောက်ပံ့မှုမပေးနိုင်ပါ။
- အရည်အသွေးမြင့်သောမိုဘိုင်းစက်ကို အသုံးပြု၍ အရည်အသွေးမြင့်မားကောင်းမွန်သော ပရိုဂရမ်များကို ဖမ်းယူပါ။ သို့မဟုတ်ပါက ပြန်လည်ကြည့်ရှုသည့်အခါတွင် ဗွီဒီယိုများ ပြတ်တောက်သွားလိမ့်မည်။ မထင်မှတ်ထားသော မတော်တဆတစ်ခုခုကြောင့်USB သိုလှောင်စက်ရှိ အချက်အလက်များ ဆုံးရှုံးမှုဖြစ်ပေါ်ခြင်းအတွက်USB သိုလှောင်စက်ရှိ အချက်အလက်များအားလုံးကို အရန်ကူးထားပါ။
- ကျွန်ုပ်တို့သည် အသုံးပြုသူ၏ မှားယွင်းစွာ သုံးစွဲမှု (သို့မဟုတ်) ချွတ်ယွင်းမှုများကြောင့်ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှုများအတွက် မည်သည့် တာဝန်မှ မယူပါ။ အချက်အလက်များကိုအရန်ကူးထားရန်သည် အသုံးပြုသူ၏ တာဝန်သာ ဖြစ်သည်။
- ဆော့ဝဲလ်များ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းလုပ်ဆောင်နေစဉ် အတွင်း တီဗွီ၏ ပါဝါကို မပိတ်ပါနှင့် သို့မဟုတ်ပါက တီဗွီပျက်စီးနိုင်ပြီး အသုံးပြုသူမှ တာဝန်ယူသင့်သည်။

- တတိယ အဖွဲ့အစည်းမှ အင်တာနက်တွင် အချက်အလက်ရှာဖွေနိုင်သည့် ဆော့ဝဲလ်ကို အသုံးပြုလည်ပတ်ခြင်းအတွက် ထုတ်လုပ်သူမှ အာမခံချက်မပေးပါ။ “Google Play Store” ဂူဂဲလ်ပလေးစတိုးမှ ဒေါင်းလုပ်လုပ်ပြီး ထည့်သွင်းထားသော တတိယ အဖွဲ့အစည်းအက်ပလီကေးရှင်းများကို ကုမ္ပဏီ (သို့) ထုတ်လုပ်သူမှ ထောက်ပံ့မှုပေးသည်။
- ကွန်ရက်၊ ဒေသ၊ ပုံစံ (သို့) အင်တာနက်ဝန်ဆောင်မှုပေးခြင်းများကြောင့် အင်တာနက်မှ အချက်အလက်များရှာဖွေသည့် ဆော့ဝဲလ်တွင် တစ်ချို့သော ဝက်ဘ်စာမျက်နှာနှင့် ဗီဒီယိုများထောက်ပံ့ပေးမည်မဟုတ်ပါ။ ၎င်းသည် တီဗွီနှင့် လုံးဝ မသက်ဆိုင်ပါ။
- ဤတီဗွီတွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ် တစ်ခုစီသည် ကုန်အမှတ်တံဆိပ်အခွင့်အရေးပိုင်ဆိုင်သူတစ်ဦးစီ၏ ပိုင်ဆိုင်မှုဖြစ်သည်။ ပြီးနောက် အခွင့်အရေးအားလုံးကို ၎င်းတို့မှ ကာကွယ်ထားသည်။
- အကယ်၍ ဝက်ဘ်ဆိုဒ်၏ အရွယ်အစားသည် အလွန်ကြီးမားလွန်းပါက အင်တာနက်မှ အချက်အလက်များရှာဖွေပေးသည့် ဆော့ဝဲလ်မှ ပြန်လည်တုန့်ပြန်ခြင်း ရပ်တန့်နိုင်သည်။

  ပိုမိုကောင်းမွန်ပြီး ချောမွေ့စွာ ကြည့်ရှုရန်အတွက် ကျေးဇူးပြု၍ အင်တာနက်မှ အချက်အလက်များရှာဖွေပေးသည့် ဆော့ဝဲလ်မှ အသုံးပြုပြီးသားများကို ပုံမှန်ဖျက်ပါ။

## မီဒီယာ ( ရုပ်သံ ) များကို ပြန်၍ဖွင့်နိုင်သော ဆော့ဝဲလ် ( Media Player )

### ■ ပြင်ဆင်ခြင်း

- တီဗွီဖန်သားပြင်ပေါ်တွင် လိုက်ဖက်သည့် ဓာတ်ပုံနှင့် ရုပ်ရှင်ကို ကြည့်ရှုရန် (သို့) တီဗွီမှ လိုက်ဖက်သည့် တေးဂီတကို ဖွင့်ရန် ယူအက်စ်ဘီစက်ကို တီဗွီတွင် တပ်ဆင်ပါ။
- အကယ်၍ ချိတ်ဆက်ထားသော USB Hard Disk တွင်ပြင်ပ လျှပ်စစ်ပမာဏ မရှိပါက ၎င်းကို ရှာမတွေ့နိုင်ပါ။ပြင်ပလျှပ်စစ်ပမာဏကို ချိတ်ဆက်ပါ။
- ယူအက်စ်ဘီစက်ရှိ အချက်အလက်များဆုံးရှုံးခြင်း (သို့) ယူအက်စ်ဘီစက်ပျက်စီးခြင်းကို ကာကွယ်ရန် ယူအက်စ်ဘီ စက်ရှိ ဒေတာအချက်အလက်များအားလုံးကို အရန်ကူးယူထားသင့်သည်။
- မီဒီယာရုပ်သံများကို ပြန်၍ဖွင့်နိုင်သော ဆော့ဝဲလ်တွင် ပြထားသော ထိန်းချုပ်မှုမီနူးသည် မတူညီသော ဒေသများ (သို့) မော်ဒယ်များအရ ကွဲပြားနိုင်သည်။ သင်၏တကယ့်တီဗွီကို စံအဖြစ်ယူပါ။
- သင်၏ ယူအက်စ်ဘီစက်ကို ဖြုတ်လိုပါက ကျေးဇူးပြု၍ ယူအက်စ်ဘီစနစ်ကို ဦးစွာထွက်ပါ။
- သင်၏ ယူအက်စ်ဘီစက်ကို အသုံးပြုပုံလမ်းညွှန်ချက်များအတွက် သင့်ယူအက်စ်ဘီစက်၏ ကိုယ်ပိုင်လမ်းညွှန်စာအုပ်ကို ကြည့်ပါ။
- ယူအက်စ်ဘီစက်ကို အသုံးပြုနေစဉ်အတွင်းယူအက်စ်ဘီစက်ကို ဖြုတ်ဖြင်း၊ တီဗွီကို ပိတ်ခြင်းမပြုပါနှင့်။ ထိုသို့ ပြုလုပ်ခြင်းဖြင့် ဒေတာ အချက်အလက်များဆုံးရှုံးခြင်း၊ ယူအက်စ်ဘီစက်(သို့) တီဗွီပျက်စီးခြင်း ဖြစ်နိုင်ပါသည်။
- အချို့သော ယူအက်စ်ဘီများသည် တီဗွီနှင့် မကိုက်ညီပါ။

### ■ မီဒီယာလုပ်ငန်းဝန်ဆောင်မှု

ရွေးချယ်ထားသော မီဒီယာဖိုင်ကိုတီဗွီဖန်သားပြင်တွင် ဖွင့်နိုင်သည့် မီဒီယာဖွင့်သည့် ဆော့ဝဲလ်ကို ဖွင့်ရန် ကျေးဇူးပြုပြီး (**Home**→ Apps → Media) ကိုရွေးချယ်ပါ။



**အဆင့် ၁ :** သင်၏တီဗွီတွင် ယူအက်စ်ဘီစက်ကို တပ်ပါ။

**အဆင့် ၂ :** ပင်မစာမျက်နှာသို့ဝင်ရန် **Home** ခလုတ်ကိုနှိပ်ပါ။

**အဆင့် ၃ :** အက်ပလီကေးရှင်း "**Apps**" ကိုရွေးချယ်ပြီးဝင်ရန် ▲/▼/◄/► နှင့် **OK** ခလုတ်ကိုနှိပ်ပါ။

**အဆင့် ၄ :** မီဒီယာ "Media" ကိုရွေးချယ်ပြီးဝင်ရန် ▲/▼/◄/► နှင့် **OK** ခလုတ်ကိုနှိပ်ပါ။

**အဆင့် ၅ :** ဖိုင်အမျိုးအစားများ "Movie,Photo (သို့) Music" ကိုရွေးချယ်ပြီးဝင်ရန် ▲/▼/◄/► ခလုတ်ကိုနှိပ်ပါ။

**အဆင့် ၆ :** အဆင့်၅တွင်သင်ရွေးချယ်ခဲ့သော အမျိုးအစားတူသည့် ဖိုင်များကို ရွေးချယ်ပြီး ဖွင့်ရန် ▲/▼/◄/► ခလုတ်နှင့် "**OK**" ကိုနှိပ်ပါ။

**အဆင့် ၇ :** ပြန်ဖွင့်ခြင်းကို စတင်ရန် "**OK**" ခလုတ်ကိုနှိပ်ပါ။

**အဆင့် ၈ :** ပြန်ဖွင့်ခြင်းကိုထွက်ရန် "**Back**" ခလုတ်ကိုနှိပ်ပါ။

## ■ ဗွီဒီယိုများကြည့်ရှုခြင်း ( Watch Movies )

ရုပ်ရှင်ကြည့်နေစဉ်အတွင်း ရုပ်ရှင်ပြန်ဖွင့်ခြင်းကို ထိန်းချုပ်ရန် အောက်ပါခလုတ်များကို နှိပ်ပါ။

| ခလုတ် | အခြေအနေ | လုပ်ဆောင်ချက် |
|---|---|---|
| OK | ထိန်းချုပ်ဘားမပါရှိခြင်း | ထိန်းချုပ်ဘားကို ဖော်ပါ။ |
| | ထိန်းချုပ်ဘားပါရှိခြင်း | ခေတ္တရပ်တန့်သည် (သို့) ဖွင့်သည်။ |
| LEFT/RIGHT | ထိန်းချုပ်ဘားမပါရှိခြင်း | ပြီးခဲ့သော (သို့) နောက်လာမည့် ရုပ်ရှင်သို့ ပြောင်းပါ။ |
| | ထိန်းချုပ်ဘားပါရှိခြင်း | နောက်သို့ အမြန်ပြန်ကျော်ခြင်း (သို့) ရှေ့သို့ အမြန်ကျော်ခြင်း။ |
| DOWN/INFO | အခြေအနေ ၂ မျိုးလုံး | လက်ရှိရုပ်ရှင်၏ အချက်အလက်မျက်နှာပြင်ကို ဝင်ရောက်ပါ။ |

## ■ ဓာတ်ပုံများကို ရှာဖွေခြင်း ( Browse Photos )

ဓာတ်ပုံများကို လှန်လှောကြည့်ရှုနေစဉ်အတွင်း ဓာတ်ပုံပြန်ဖွင့်ခြင်းကို ထိန်းချုပ်ရန် အောက်ပါခလုတ်များကို နှိပ်ပါ။

| ခလုတ် | လုပ်ဆောင်ချက် |
|---|---|
| LEFT/RIGHT | ပြီးခဲ့သော (သို့) နောက်လာမည့် ဓာတ်ပုံသို့ ပြောင်းပါ။ |
| OK | ခေတ္တရပ်တန့်သည် (သို့) ဖွင့်သည်။ |
| DOWN/INFO | လက်ရှိဓာတ်ပုံ၏ အချက်အလက်မျက်နှာပြင်ကို ဝင်ရောက်ပါ။ |

## ■ တေးဂီတဖွင့်ခြင်း ( Play Music )

သီချင်းဖွင့်ထားစဉ် အတွင်း သီချင်းပြန်လည်ဖွင့်ခြင်းကို ထိန်းချုပ်ရန် အောက်ပါ ခလုတ်များကိုနှိပ်ပါ။

| ခလုတ် | အခြေအနေ | လုပ်ဆောင်ချက် |
|---|---|---|
| OK | ထိန်းချုပ်ဘားမပါရှိခြင်း | ထိန်းချုပ်ဘားကို ဖော်ပါ။ |
| | ထိန်းချုပ်ဘားပါရှိခြင်း | ခေတ္တရပ်တန့်သည် (သို့) ဖွင့်သည်။ |
| LEFT/RIGHT | ထိန်းချုပ်ဘားမပါရှိခြင်း | ပြီးခဲ့သော (သို့) နောက်လာမည့် ရုပ်ရှင်သို့ ပြောင်းပါ။ |
| | ထိန်းချုပ်ဘားပါရှိခြင်း | နောက်သို့ အမြန်ပြန်ကျော်ခြင်း (သို့) ရှေ့သို့ အမြန်ကျော်ခြင်း။ |
| UP | အခြေအနေ ၂ မျိုးလုံး | သီချင်းစာသားကို ပြသပါ။ |
| DOWN/INFO | အခြေအနေ ၂ မျိုးလုံး | လက်ရှိသီချင်း၏ အချက်အလက်မျက်နှာပြင်ကို ဝင်ရောက်ပါ။ |

## မှတ်ချက် :

၁။ အောက်ပါအခြေအနေများတွင် ဤစနစ်သည် ဖိုင်ကို ကုဒ်မဖော်နိုင်၍ ပုံမှန်အားဖြင့်ဖိုင်ကို မဖွင့်နိုင်ပါ။
– ဖိုင်သတ်မှတ်ချက်များ၊ ရုပ်ပုံ၏ အစက်အပြောက်၊ အသံနှင့် ဗီဒီယိုဖိုင်၏ ကုဒ်နှုန်း၊ အသံဖိုင်၏ နမူနာကဲ့သို့ ဖိုင်၏ သတ်မှတ်ချက်ဘောင်သည် စနစ်၏ ကန့်သတ်ချက်ထက် ကျော်လွန်သည်။
– ဖိုင်ပုံစံအချိုးအစားနှင့် ကိုက်ညီခြင်း မရှိပါက ဖိုင်ပျက်စီးနိုင်သည်။
မှတ်ချက် : ဤစနစ်က ပံ့ပိုးပေးသည့် ကုဒ်နှုန်းသည် ၂၀ မီဂါဘစ်ပါစက္ကန့်ထက်မပိုပါ။

၂။ ပူနေသော ပလပ်ခေါင်း : စနစ် (သို့) စက်ပျက်စီးခြင်းကိုကာကွယ်ရန် စနစ်ဖတ်ခြင်း၊ ဒေတာထုတ်လွှင့်ခြင်းပြုသည့်အခါ ပလပ်ခေါင်းကို မဖြုတ်ပါနှင့်။

၃။ မိုဘိုင်း Hard Disk (သို့) ဒစ်ဂျစ်တယ် ကင်မရာကို အသုံးပြုသည့်အခါ စက်၏ လျှပ်စစ်ပမာဏကို သတိပြုပါ။ အကယ်၍ လျှပ်စစ်ပမာဏသည် လုံလောက်ခြင်း (သို့) တည်ငြိမ်ခြင်းမရှိပါက စက်အသုံးပြုနေစဉ်အတွင်း ပြဿနာများ ကြုံတွေ့ခြင်း (သို့) လုံးဝ အသုံးပြု၍ မရနိုင်ခြင်း ဖြစ်နိုင်သည်။ ဤကဲ့သို့ အခြေအနေတွင် စက်ကို ပြန်လည်စတင်ခြင်း (သို့) စက်၏ပလပ်ကို ဖြုတ်၍ ပြန်တပ်ခြင်း တို့ပြုလုပ်၍ လျှပ်စစ် ပမာဏကို လည်း ပုံမှန် ဖြစ်အောင် ပြုလုပ်ပါ။

၄။ စနစ်သည် စံချိန်မှီ U-disks,MP3 ပလေယာများနှင့် မိုဘိုင်း Hard disks များကဲ့သို့ ယူအက်စ်ဘီ ၁.၁၊ ယူအက်စ်ဘီ ၂.၀ နှင့် ယူအက်စ်ဘီ ၃.၀ ကဲ့သို့ စံချိန်မီ ကိရိယာများကို ထောက်ပံ့ပေးသည်။

၅။ ပိုမိုကောင်းမွန်သော အသံနှင့် ဗွီဒီယို အရည်အသွေးများ ရရှိနိုင်ရန်အတွက် ယူအက်စ်ဘီ ၂.၀ စံနှုန်းနှင့် ကိုက်ညီသော ပြင်ပ စက်ကို အသုံးပြုပါ။

၆။ အတိုချုံ့မှုမြင့်မားသော အချိုးအစားနှင့် ဗွီဒီယိုကို ဖွင့်သည့်အခါ ပုံရိပ်ရပ်ခြင်းနှင့် မီနူးတုံ့ပြန်မှုကြာခြင်းကဲ့သို့သော ဖြစ်ရပ်များသည် ပုံမှန်သာ ဖြစ်သည်။

၇။ ပမာဏ ကြီးမားသော Hard disk,MP4 ကဲ့သို့ လျှပ်စစ်ပမာဏ ပါရှိသည့် ယူအက်စ်ဘီ စက်အတွက်လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းမှ ရှောင်ရှားရန် လျှပ်စစ်နှင့် အသုံးပြုပါ။ – ရုပ်ပုံအစက်အပြောက်များ၊ အသံနှင့် ဗွီဒီယိုဖိုင်၏ ကုဒ်နှုန်း၊ အသံဖိုင်၏ နမူနာနှုန်းကဲ့သို့ ဖိုင်၏ သတ်မှတ်ချက် ဘောင်သည် စနစ်၏ ကန့်သက်ချက်ထက်ကျော်လွန်နေတတ်သည်။

၈။ ရုပ်ပုံ အစက်အပြောက်များ၊ အသံနှင့် ဗွီဒီယိုဖိုင်၏ ကုဒ်နှုန်း၊ အသံဖိုင်၏ နမူနာနှုန်းကဲ့သို့ ဖိုင်၏ သတ်မှတ်ချက်ဘောင်သည် စနစ်၏ ကန့်သတ်ချက်ထက် ကျော်လွန်သောကြောင့် ဖိုင်သည် ပုံမှန်အားဖြင့် မဖွင့်ခြင်းရှိနိုင်သည်။

# အခန်း ၄ : နည်းပညာဆိုင်ရာသတင်းအချက်အလက်

## မီဒီယာ (ရုပ်သံ) ဖွင့်သည့်ဆော့ဝဲလ်မှ ထောက်ပံ့ပေးသည့် ဖိုင်ပုံစံများ

### ဗွီဒီယို (Video):

| ပုံစံ | ဗွီဒီယိုကုဒ် (ဖိုင်အမျိုးအစား) | ကြားဆက်ဖိုင်အမည် | နမူနာနှုန်း(SPEC) | ဘစ်နှုန်း | ပရိုဖိုင် |
|---|---|---|---|---|---|
| MPG/MPEG | Mpeg 1 | .dat .mpg.mpeg | ၁၀၈၀P @ ၆၀ ဖရိမ်ပါစက္ကန့် | ၄၀မီဂါဘစ်စက္ကန့် | MP @ HL |
| | Mpeg 2 | | | ၈၀မီဂါဘစ်စက္ကန့် | |
| MP4 | Mpeg 1 | .mp4 | ၁၀၈၀P @ ၆၀ ဖရိမ်ပါစက္ကန့် | ၄၀မီဂါဘစ်စက္ကန့် | MP @ HL |
| | Mpeg 2 | | | ၈၀မီဂါဘစ်စက္ကန့် | |
| | Mpeg 4 | | | ၄၀မီဂါဘစ်စက္ကန့် | ရိုးရိုးပရိုဖိုင်းနှင့်အဆင့်မြင့်ရိုးရှင်းသော ပရိုဖိုင် @အဆင့်၅ |
| | H.263 | | | | |
| | H.264 | | 2048*1088@60fps | ၆၂.၅ မီဂါဘစ်စက္ကန့် | ရိုးရှင်းပရိုဖိုင်းနှင့်အဆင့်မြင့် ပရိုဖိုင် @အဆင့်၄.၂ |
| | HEVC/H.265 | .mp4 . mov | ၂၀၄၈ * ၁၀၈၈ @ ဖရိမ်ပါစက္ကန့် | ၅၀မီဂါဘစ်စက္ကန့် | အဓိကပရိုဖိုင်၊အဆင့်မြင့်ပရိုဖိုင် @အဆင့်၄.၁ |
| | Motion JPEG | .mp4 | ၆၄၀ x ၄၈၀ @ ၃၀ဖရိမ်ပါစက္ကန့် | ၁၀မီဂါဘစ်စက္ကန့် | |
| MKV | Mpeg 1 | .mkv | ၁၀၈၀P @ ၆၀ ဖရိမ်ပါစက္ကန့် | ၄၀မီဂါဘစ်စက္ကန့် | MP @ HL |
| | Mpeg 2 | | | ၈၀မီဂါဘစ်စက္ကန့် | |
| | Mpeg 4 | | | ၄၀မီဂါဘစ်စက္ကန့် | ရိုးရှင်းသောပရိုဖိုင်နှင့်အဆင့်မြင့်ရိုးရှင်းသော ပရိုဖိုင် @အဆင့်၅ |
| | H.263 | | | | |
| | H.264 | | | ၆၂.၅ မီဂါဘစ်စက္ကန့် | ရိုးရိုးပရိုဖိုင်းနှင့်အဆင့်မြင့် ပရိုဖိုင် @အဆင့်၄.၂ |
| | VC 1 | | | ၄၅မီဂါဘစ်စက္ကန့် | • အဆင့်မြင့်ပရိုဖိုင် @အဆင့် ၃<br>• ရိုးရှင်းသောပရိုဖိုင်<br>• အဓိကပရိုဖိုင် |
| | VP 8 | | | ၅၀ မီဂါဘစ်စက္ကန့် | |
| | VP 9 | | ၂၀၄၈ * ၁၀၈၈ @ ၆၀ဖရိမ်ပါစက္ကန့် | ၃၀ မီဂါဘစ်စက္ကန့် | ပရိုဖိုင်၀ / ၂ |
| | Motion JPEG | | ၆၄၀ x ၄၈၀ @ ၃၀ဖရိမ်ပါစက္ကန့် | ၁၀ မီဂါဘစ်စက္ကန့် | |
| AVI | Mpeg 1,2 | .avi | ၁၀၈၀P @ ၆၀ ဖရိမ်ပါစက္ကန့် | ၄၀ မီဂါဘစ်စက္ကန့်<br>၈၀ မီဂါဘစ်စက္ကန့် | MP @ HL |
| | Mpeg 4 | | | ၄၀ မီဂါဘစ်စက္ကန့် | • ရိုးရှင်းသောပရိုဖိုင်<br>• အဆင့်မြင့်ရိုးရှင်းသောပရိုဖိုင် @အဆင့် ၅ |
| | H.263 | | | | |
| | H.264 | | | ၆၂.၅ မီဂါဘစ်စက္ကန့် | အဓိကပရိုဖိုင်၊အဆင့်မြင့်ပရိုဖိုင် @အဆင့်၄.၂ |
| | VC 1 | | 640x480@30fps | ၄၅မီဂါဘစ်စက္ကန့် | • အဆင့်မြင့်ရိုးရှင်းသောပရိုဖိုင် @အဆင့် ၃<br>• ရိုးရှင်းသောပရိုဖိုင်<br>• အဓိကပရိုဖိုင် |
| | Motion JPEG | | ၆၄၀ x ၄၈၀ @ ၃၀ဖရိမ်ပါစက္ကန့် | ၁၀ မီဂါဘစ်စက္ကန့် | |
| ASF | Mpeg 1 | .asf | ၁၀၈၀P @ ၆၀ ဖရိမ်ပါစက္ကန့် | ၄၀ မီဂါဘစ်စက္ကန့် | MP @ HL |
| | Mpeg 2 | | | ၈၀ မီဂါဘစ်စက္ကန့် | |
| | Mpeg 4 | | | ၄၀ မီဂါဘစ်စက္ကန့် | ရိုးရှင်းသောပရိုဖိုင်နှင့်အဆင့်မြင့်ရိုးရှင်းသော ပရိုဖိုင် @အဆင့်၅ |
| | H.264 | | | ၆၂.၅ မီဂါဘစ်စက္ကန့် | အဓိကပရိုဖိုင်၊အဆင့်မြင့်ပရိုဖိုင် @အဆင့်၄.၂ |
| | VC 1 | | | ၄၅မီဂါဘစ်စက္ကန့် | • အဆင့်မြင့်သောပရိုဖိုင် @အဆင့် ၃<br>• ရိုးရှင်းသောပရိုဖိုင်<br>• အဓိကပရိုဖိုင် |
| | Motion JPEG | | ၆၄၀ x ၄၈၀ @ ၃၀ဖရိမ်ပါစက္ကန့် | ၁၀ မီဂါဘစ်စက္ကန့် | |

## အသံ (Audio) :

| ပုံစံ | အသံကုဒ်(ဖိုင်အမျိုးအစား) | ကြားဆက်(ဖိုင်အမည်) | ဘစ်နှုန်း |
|---|---|---|---|
| MP3 | MPEG1/2 Lapyer1 | .MP3 | ၃၂ ကီလိုဘစ်ပါစက္ကန့် ~ ၄၄၈ ကီလိုဘစ်ပါစက္ကန့် (ဘစ်နှုန်း)<br>၁၆ ကီလိုဟတ်စ် ~၄၈ ကီလိုဟတ်စ်( နမူနာနှုန်း ) |
| | MPEG1/2 Lapyer2 | .MP3 | ၈ ကီလိုဘစ်ပါစက္ကန့်~ ၃၈၄ ကီလိုဘစ်ပါစက္ကန့် (ဘစ်နှုန်း)<br>၁၆ ကီလိုဟတ်စ် ~၄၈ ကီလိုဟတ်စ်( နမူနာနှုန်း ) |
| | MPEG1/2 Lapyer3 | .MP3 | ၈ ကီလိုဘစ်ပါစက္ကန့်~ ၃၂၀ ကီလိုဘစ်ပါစက္ကန့် (ဘစ်နှုန်း)<br>၈ ကီလိုဟတ်စ် ~ ၄၈ ကီလိုဟတ်စ်( နမူနာနှုန်း ) |
| | IMA-ADPCM/MS-ADPCM | NA<br>(work with video files only) | ဘစ်နှုန်း : ၃၂ ကီလိုဘစ်ပါစက္ကန့် ~ ၃၈၄ ကီလိုဘစ်ပါစက္ကန့်<br>နမူနာနှုန်း : ၈ ကီလိုဟတ်စ် ~ ၄၈ ကီလိုဟတ်စ် |
| | LPCM | NA<br>(work with video files only) | ဘစ်နှုန်း : ၆၄ ကီလိုဘစ်ပါစက္ကန့် ~ ၁.၅ မက်ဂါဘစ်ပါစက္ကန့်<br>နမူနာနှုန်း : ၈ ကီလိုဟတ်စ် ~ ၄၈ ကီလိုဟတ်စ် |
| AAC/MP4 | AAC,HEAAC | .m4a.aac | AAC-LC : ၁၂ ကီလိုဘစ်ပါစက္ကန့် ~၅၇၆ ကီလိုဘစ်ပါစက္ကန့် (ဘစ်နှုန်း)<br>V1 : ၆ ကီလိုဘစ်ပါစက္ကန့် ~ ၂၈၈ ကီလိုဘစ်ပါစက္ကန့် (ဘစ်နှုန်း )<br>V2 : ၃ ကီလိုဘစ်ပါစက္ကန့် ~ ၁၄၄ ကီလိုဘစ်ပါစက္ကန့် (ဘစ်နှုန်း)<br>၈ ကီလိုဟတ်စ် ~ ၄၈ ကီလိုဟတ်စ်( နမူနာနှုန်း ) |
| MP4/OGG | VORBIS | .m4a.ogg | နမူနာနှုန်း : ၄၈ ကီလိုဟတ်စ်အထိ |
| AC3/MP4 | AC3 | .ac3 .m4a | ဘစ်နှုန်း : ၃၂ ကီလိုဘစ်ပါစက္ကန့် ~ ၆၄၀ ကီလိုဘစ်ပါစက္ကန့်<br>နမူနာနှုန်း : ၃၂ ကီလိုဟတ်စ် ~ ၄၄.၁ ကီလိုဟတ်စ်၊ ၄၈ ကီလိုဟတ်စ် |
| EAC3/MP4 | EAC3 | .ec3 .m4a | ဘစ်နှုန်း : ၃၂ ကီလိုဘစ်ပါစက္ကန့် ~ ၆၄၀ မက်ဂါဘစ်ပါစက္ကန့်<br>နမူနာနှုန်း : ၃၂ ကီလိုဟတ်စ် ~ ၄၄.၁ ကီလိုဟတ်စ်၊ ၄၈ ကီလိုဟတ်စ် |

## ဓာတ်ပုံ (Photo) :

| ပုံစံ | ကြားဆက်ဖိုင်အမည် | ဓာတ်ပုံ | ပုံရိပ်ကြည်လင်ပြတ်သားမှု | လိုအပ်သော DRAM အရွယ်အစား (မက်ဂါဘိုက်) | ဘိုက်များ |
|---|---|---|---|---|---|
| JPEG | .jpeg | လိုင်းကိုအခြေခံထားခြင်း | ၁၅၃၆၀ × ၈၆၄၀<br>(၁၉၂၀ × ၈ ၁၀၈၀ × ၈) | ၃.၉၆ | ၄၁၄၇၂၀ |
| | | အစက်လိုင်းပါဝင်မှုအများ ဆုံးဖြစ်ရှိက်ကူးခြင်း | ၁၀၂၄ × ၇၆၈ | ၆.၀၀ | ၆၂၉၁၄၅၆ |
| | .jpg | လိုင်းကိုအခြေခံထားခြင်း | ၁၅၃၆၀ × ၈၆၄၀<br>(၁၉၂၀ × ၈ ၁၀၈၀ × ၈) | ၃.၉၆ | ၄၁၄၇၂၀ |
| | | အစက်လိုင်းပါဝင်မှုအများ ဆုံးဖြစ်ရှိက်ကူးခြင်း | ၁၀၂၇ × ၇၆၈ | ၆.၀၀ | ၆၂၉၁၄၅၆ |
| PNG | .png | အစက်လိုင်းပါဝင်မှုအနည်း ဆုံးဖြစ်ရှိက်ကူးခြင်း | ၉၆၀၀ × ၆၄၀၀ | ၃.၆၆ | ၃၈၄၀၀၀၀ |
| | | အစက်လိုင်းပါဝင်မှု ဒုတိယ အများဆုံးဖြစ်ရှိက်ကူးခြင်း | ၁၂၀၀ × ၈၀၀ | ၃.၆၆ | ၃၈၄၀၀၀၀ |
| BMP | .bmp | | ၉၆၀၀ × ၆၄၀၀ | ၃.၆၆ | ၃၈၄၀၀၀၀ |

**မှတ်ချက်**

- အချို့သော ဖိုင်များသည် ၎င်းအခြေအနေများနှင့် ကိုက်ညီသောလည်း ပြန်လည်၍ ဖွင့်မည် မဟုတ်ပါ။
- အကယ်၍ ဖိုင် (သို့) ဖိုင်တွဲအမည်များကို ပြောင်းပါက စက်ပစ္စည်းကို ဤတီဗွီဖြင့် အသုံးမပြုနိုင်ပါ။

## ပြုပြင်ထိန်းသိမ်းခြင်း

ရှေးဦးစွာ လျှပ်စစ်ပလပ်ခေါင်းကို ပလပ်ခုံမှ ဖြုတ်ပါ။

**ပုံမှန်သန့်ရှင်းခြင်း :**

စက်၏ ပုံဖော်မျက်နှာပြင်၊ တီဗွီစင် (သို့) စားပွဲတင်ဒေါက်၏ မျက်နှာပြင် ပေါ်ရှိ ဖုန်များ (သို့) လက်ဗွေရာများကို သန့်ရှင်းရန် နူးညံ့သော အဝတ်ကို သုံး၍ ဖြည်းညှင်းစွာ သုတ်ပါ။

**ကပ်နေသောဖုန်များအတွက် :**

မျက်နှာပြင်ပေါ်ရှိ ဖုန်များကို ပထမဆုံးသန့်ရှင်းပါ။ နူးညံ့သော အဝတ်ကို သန့်ရှင်းသော ရေ (သို့) ဆပ်ပြာရည်တို့ဖြင့် စိုစွတ်အောင်လုပ်ပါ။ (ဆပ်ပြာရည် ၁ စက်၊ ရေ ၁၀၀ စက် )
အဝတ်ကို ရေညှစ်၍ မျက်နှာပြင်ကို သုတ်ပါ။
နောက်ဆုံးတွင် အစိုဓာတ်အားလုံးကို သုတ်ပစ်ပါ။

**လျှပ်စစ်ပလပ်ခေါင်း :**

လျှပ်စစ်ပလပ်ခေါင်းကို ခြောက်သွေ့သော အဝတ်ဖြင့်သုတ်ပါ။ အစိုဓာတ်နှင့် ဖုန်များသည် မီးလောင်ခြင်း၊ လျှပ်စစ်ရှော့ခ်များ ဖြစ်နိုင်သည်။

**သတိပေးချက်**

တီဗွီမျက်နှာပြင်ကို မာကျောသော အဝတ်ဖြင့် သုတ်ခြင်း (သို့) အားပြင်းပြင်းဖြင့် ပွတ်ခြင်း မပြုပါနှင့် သို့မဟုတ်ပါက မျက်နှာပြင်တွင် ခြစ်ရာများ ဖြစ်နိုင်ပါသည်။

- တီဗွီမျက်နှာပြင်ကို ရေ (သို့) ဆပ်ပြာရည်မဝင်စေရန် သတိပြုပါ။ တီဗွီအတွင်းသို့ အရည်များဝင်ခြင်းသည် တီဗွီကို ပျက်စီးစေနိုင်သည်။
- တီဗွီ မျက်နှာပြင်ကို အင်းဆက်နှိမ်နင်းဆေး၊ အရည်ပျော်ပစ္စည်း၊ တင်နာ (သို့) အခြားအငွေ့ပျံ့လွယ်သော အရာဝတ္ထုများ မဝင်စေရန် သတိပြုပါ။ ၎င်းသည် မျက်နှာပြင် အရည်အသွေးကျခြင်း၊ သုတ်ဆေးကွာခြင်းများ ဖြစ်နိုင်ပါသည်။
- စက်၏ ပုံဖော်မျက်နှာပြင်အား သေချာစွာ ကိုင်တွယ်ရမည်ဖြစ်ပြီး အလွယ်တကူ ပျက်စီးနိုင်သည်။ လက်သည်း (သို့) အခြားမာကျောသော အရာဝတ္ထုများဖြင့် မျက်နှာပြင်ကိုထိခြင်း (သို့) ခြစ်ခြင်း မပြုရန် သတိပြုပါ။
- တီဗွီနှင့် စားပွဲတင်ဒေါက်ကို ရာဘာ (သို့) ပီဗွီစီ ( PVC ) အရာဝတ္ထုဖြင့်အချိန်အတော်ကြာထိတွေ့ခြင်း မပြုပါနှင့်။ မျက်နှာပြင်အရည်အသွေးကျနိုင်ပါသ ည်။

## ပြဿနာဖြေရှင်းခြင်း

သင်၏ တီဗွီတွင် ကြုံတွေ့ရသော ပြဿနာအများစုသည် အောက်ပါ ပြဿနာဖြေရှင်းသည့် စာရင်းများ ကို အကြံဉာဏ်ရယူခြင်းဖြင့် ဖြေရှင်းနိုင်ပါသည်။

### ရုပ်ပုံမလာ၊ အသံမလာ

- ဖျူးစ် (သို့) ဆားကစ်ဘရိတ်ကာ အလုပ်လုပ်ခြင်း ရှိမရှိ စစ်ဆေးပါ။
- အခြားလျှပ်စစ် ပစ္စည်းကို ပလပ်ပေါက်တွင် ထိုး၍ အလုပ်လုပ်ခြင်း (သို့) စက်ဖွင့်ခြင်း ရှိမရှိစစ်ဆေးပါ။
- ပါဝါပလပ်သည် ပလပ်ပေါက်နှင့် ကောင်းစွာ ချိတ်ဆက်ထားခြင်း မရှိပါ။
- အချက်ပြ အရင်းအမြစ်ကို စစ်ဆေးပါ။

### အရောင်မရှိပါ။

- အရောင်အပြင်းကို ချိန်ညှိပါ။

### အဝေးထိန်းခလုတ် အလုပ်မလုပ်ပါ။

- ဓာတ်ခဲများကို လဲပါ။
- ဓာတ်ခဲများကို မှန်ကန်စွာ တပ်ဆင်ထားခြင်း မရှိပါ။
- ပင်မ ပါဝါကို ချိတ်ဆက်ထားခြင်း မရှိပါ။

### ရုပ်ပုံမလာ၊ အသံပုံမှန်လာသည်

- အလင်းရောင်၊ အလင်းနှင့် အမှောင်ကို ချိန်ညှိပါ။

### ပုံမှန်ရုပ်ပုံ၊ အသံမလာပါ

- အသံချဲ့ရန် "Vol+" ခလုတ်ကို နှိပ်ပါ။
- အသံခလုတ်သည် အသံပိတ်ရန် ချိန်ညှိထားသည်။ အသံပြန်လာစေရန် အသံပိတ်သည့် ခလုတ်ကို နှိပ်ပါ။

### ရေဒီယို ကြိမ်နှုန်း အနှောင့်အယှက်

၎င်းအနှောင့်အယှက်သည် ရွေ့လျားနေသော လှိုင်းတွန့်များ (သို့) ထောင့်ပြတ်အစင်းကြားများ ဖြစ်စေပြီး အချို့အခြေအနေများတွင် ပုံရိပ်၏ အလင်းအမှောင် ကို ဆုံးရှုံးစေပါသည်။ ရေဒီယို အနှောင့်အယှက် ဖြစ်စေသော အရင်းအမြစ်ကို ရှာ၍ ဖယ်ထုတ်ပါ။

### ဘလူးတုရီမုဒ်နှင့် အောင်မြင်စွာ ချိတ်ဆက်၍ မရသော အခါ

- ချိတ်ဆက်၍ ရသည့်အထိ ထပ်ခါထပ်ခါ ကြိုးစား ချိတ်ဆက်ပါ။
- ဓါတ်ခဲများကို လဲလှယ်ပါ။

### ဂူဂဲလ်အကောင့်ကို ဝင်၍ မရပါ။

- နောက်တစ်ကြိမ်ဝင်ရန် ကြိုးစားပါ။
- ကွန်ရက်နှင့် ပတ်သက်၍ တစ်စုံတစ်ခုမှားယွင်းခြင်းရှိမရှိ အခြားစက်ပစ္စည်းတစ်ခု အသုံးပြု၍ စစ်ဆေးပါ။
- ဂူဂဲလ်ဆာဗာနှင့် ပတ်သက်၍ တစ်စုံတစ်ခု မှားယွင်းခြင်းရှိမရှိ အခြား အန်းဒရွိုက် စက်ပစ္စည်း တစ်ခု အသုံးပြု၍ စစ်ဆေးပါ။

### Google Assistant ကိုအသုံးပြု၍ မရသောအခါ

- တီဗွီနှင့် ဘလူးတုရီမုအောင်မြင်စွာ ချိတ်ဆက်ထားခြင်းရှိမရှိ စစ်ဆေးပါ။
- အကယ်၍ နက်ဝပ် တစ်စုံတစ်ရာ မှားယွင်းနေပါက အခြားသော စက်တစ်ခုကို အသုံးပြု၍ စစ်ဆေးပါ။
- အကယ်၍ ဂူဂဲလ်ဆာဗာတွင် တစ်စုံတစ်ရာ မှားယွင်းနေပါက အခြားသော အန်းဒရွိုက် စက်ကို အသုံးပြု၍ စစ်ဆေးပါ။

## အသေးစိတ်အချက်အလက်များ

| မော်ဒယ်နံပါတ် | | TH-32HS550K | TH-40HS550K | TH-43HS550K |
|---|---|---|---|---|
| ရှိရမည့်လျှပ်စစ်ပမာဏ | | ၁၁၀–၂၄၀မို့ ၅၀/၆၀ဟတ်စ် | ၁၁၀–၂၄၀ဗို့ ၅၀/၆၀ဟတ်စ် | ၁၁၀–၂၄၀ဗို့ ၅၀/၆၀ဟတ်စ် |
| လျှပ်စစ်သုံးစွဲမှု | လျှပ်စစ်ပမာဏ | ၆၀ဝပ် | ၇၄ဝပ် | ၇၄ဝပ် |
| | အသင့်အခြေအနေ | < ၀.၅ဝပ် | < ၀.၅ဝပ် | < ၀.၅ဝပ် |
| ပုံဖော်မျက်နှာပြင် | ကြည့်ရှုနိုင်သောမျက်နှာပြင်ဆိုဒ် | ၈၀ စင်တီမီတာ | ၁၀၁ စင်တီမီတာ | ၁၀၉ စင်တီမီတာ |
| | ပုံရိပ်ကြည်လင်ပြတ်သားမှု | ၁၃၆၆ × ၇၆၈ | ၁၉၂၀ × ၁၀၈၀ | ၁၉၂၀ × ၁၀၈၀ |
| အတိုင်းအတာ (အလျား×အနံ×အမြင့်) | စားပွဲတင်ဒေါက်ပါ<br>တီဗွီတစ်ခုတည်းသာ | ၇၃၂ × ၁၇၈ × ၄၇၉ မီလီမီတာ<br>၇၃၂ × ၈၃ × ၄၃၉ မီလီမီတာ | ၉၀၉ × ၂၁၂ × ၅၆၄ မီလီမီတာ<br>၉၀၉ × ၈၂ × ၅၂၅ မီလီမီတာ | ၉၆၈ × ၂၁၂ × ၆၀၈ မီလီမီတာ<br>၉၆၈ × ၉၀ × ၅၆၂ မီလီမီတာ |
| အသားတင်အလေးချိန် | | ၃.၆ ကီလိုဂရမ် (စားပွဲတင်ဒေါက်ပါ)<br>၃.၅ ကီလိုဂရမ် (တီဗွီတစ်ခုသာ) | ၅.၀ ကီလိုဂရမ် (စားပွဲတင်ဒေါက်ပါ)<br>၄.၈ ကီလိုဂရမ် (တီဗွီတစ်ခုသာ) | ၆.၃ ကီလိုဂရမ် (စားပွဲတင်ဒေါက်ပါ)<br>၆.၂ ကီလိုဂရမ် (တီဗွီတစ်ခုသာ) |
| စုစုပေါင်းအလေးချိန် | | ၅.၁ ကီလိုဂရမ် | ၇.၅ ကီလိုဂရမ် | ၈.၈ ကီလိုဂရမ် |
| အသံ | စပီကာ | ၆ Ω | ၆ Ω | ၆ Ω |
| | အသံထုတ်လုပ်သည့်ပမာဏ | ၈ဝပ် + ၈ဝပ် | ၈ဝပ် + ၈ဝပ် | ၈ဝပ် + ၈ဝပ် |
| တီဗွီစနစ် | | **DTV :** DVB-T/T2/C | | |
| | | **ATV :** PAL BG/DK/I | | |
| ချိတ်ဆက်မှုအပေါက်များ | အေဗွီ အဝင် | အေဗွီကြားခံစက် ကိရိယာအသေး × ၁ ခု ( အေဗွီသို့ ပြောင်းပေးသော ကြိုးလိုသည် ) | | |
| | အင်တာနာ အဝင် | အင်တာနာကြားခံဆက်သည့်ကိရိယာ × ၁ ခု | | |
| | အိတ်ချ်ဒီအမ်အိုင် | အိတ်ချ်ဒီအမ်အိုင်ကြားခံဆက်သည့်ကိရိယာ × ၂ ခု | | |
| | ယူအက်စ်ဘီ | ယူအက်စ်ဘီ ၂.၀ အမျိုးအစားအေကြားခံဆက်သည့်ကိရိယာ × ၂ ခု ဒီစီ ၅ ဗို့အများဆုံး၅၀၀ မီလီအမ်ပီယာ | | |
| | ဒစ်ဂျစ်တယ်အသံထွက်သည့်အပေါက် | လျှပ်ကာပစ္စည်းကောင်းမွန်စွာသုံးထားသောအင်တာနာကြိုး × ၁ခု | | |
| | လန် ( LAN ) အဝင်ပေါက် | အင်တာနက်ကြားခံဆက်သည့်ကိရိယာ × ၁ ခု | | |

**မှတ်ချက်**

၁. ဒီဇိုင်းနှင့် အသေးစိတ် အချက်အလက်များသည် အသိပေးခြင်း မရှိဘဲ ပြောင်းလဲနိုင်သည်။

၂. ဤနေရာတွင် ဖော်ပြထားသော အလေးချိန်နှင့် အတိုင်းအတာ ပမာဏများသည် ခန့်မှန်းခြေသာ ဖြစ်သည်။

၃. ဤလမ်းညွှန်စာအုပ်တွင် ပါဝင်သော ရုပ်ပုံများသည် ကိုးကားရန် အတွက်သာ ဖြစ်သည်။

၄. သင်၏ တီဗွီသည် ဤလမ်းညွှန်စာအုပ်တွင် ဖော်ပြထားခြင်း နှင့် အနည်းငယ် ကွဲလွဲမှုများ ရှိနိုင်သည်။

၅. ခြောက်သွေ့သော ပတ်ဝန်းကျင် တွင် တည်ငြိမ်လျှပ်စစ်ကြောင့်ထုတ်ကုန်သည်ပြန်လည်စတင်၍ အဓိကOSD မျက်နှာပြင်၊ ယူအက်စ်ဘီ ဖွင့်သည့် အခြေအနေ (သို့) ပြီးခဲ့သော လုပ်ဆောင်ချက်များမှဒ်သို့ပြန်ရောက်သွားနိုင်သည်။ ၎င်းသည် ပုံမှန် ဖြစ်ပြီး ကျေးဇူးပြု၍ တီဗွီကို ဆက်လက်အသုံးပြုလုပ်ဆောင်ပါ။

**သုံးစွဲသူ၏မှတ်တမ်း**

ဤထုတ်ကုန်၏ မော်ဒယ်နံပါတ်နှင့် အမှတ်စဉ်နံပါတ်ကို ထုတ်ကုန်၏ အနောက်ဘက်ဘောင်တွင် တွေ့နိုင်သည်။ ဤအမှတ်စဉ်နံပါတ်ကို အောက်တွင် ပေးထားသော နေရာလွတ်တွင်မှတ်သားထားပြီး ဤစာအုပ်ကို သင်ဝယ်ယူသည့် ငွေလက်ခံဖြတ်ပိုင်းနှင့် အတူသိမ်းဆည်းထားပါ။ခိုးမှု (သို့) ဆုံးရှုံးမှု ဖြစ်စဉ်နှင့် အာမခံ ဝန်ဆောင်မှု ရည်ရွယ်ချက်အတွက် သင်၏ ဝယ်ယူခြင်းကို အမြဲမှတ်တမ်း အဖြစ်သိမ်းထားပါ။

**မော်ဒယ်နံပါတ်** **အမှတ်စဉ်နံပါတ်**

Panasonic Appliances Asia Pacific
Tower A, Level 13, Plaza 33, No.1, Jalan Kemajuan, Seksyen 13,
46200 Petaling Jaya, Selangor Darul Ehsan, Malaysia